ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်၊ စနေနေ့၊ (25-11-2006) (၅၁၅၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လွတ်လပ်ရေး၏အနှစ်သာရနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု၏တန်ဖိုးကို သိရှိနားလည်ပြီး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် လွတ်လပ်ရေးနေ့အခမ်းအနားကို နှစ်စဉ်မပျက်ကျင်းပခဲ့ ၂၀၀၇ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို တစ်ပြည်လုံးတွင် နိုင်ငံရေးအနှစ်သာရရှိရှိ စည်ကားခမ်းနားစွာကျင်းပနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်

(က) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(ဂ) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

ရန်ကုန် နိုဝင်ဘာ ၂၄

၂၀၀၇ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။ (အပေါ်ပုံ)

အဆိုပါ အစည်းအဝေးသို့ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဝင်များ ဖြစ်ကြသော နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးချုပ်ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဆပ်ကော်မတီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးသည် ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးအတွက် ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း။

လွတ်လပ်ရေး၏ အနှစ်သာရနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု၏ တန်ဖိုးကို ပြည်သူတစ်ရပ်လုံးနှင့် အထူးသဖြင့် မျိုးဆက်သစ်လူငယ်များ သိရှိနားလည်ပြီး ထာဝစဉ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရေးအတွက် ယခုကဲ့သို့ လွတ်လပ်ရေးနေ့အခမ်းအနားကို နှစ်စဉ်မပျက် ကျင်းပခဲ့ကြခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၀၇ ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို နိုင်ငံရေးအနှစ်သာရရှိရှိဖြင့် အောင်အောင်မြင်မြင်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၅-၁၁-၂၀၀၆
(စနေနေ့)

မြန်မာ-ထိုင်း နှစ်နိုင်ငံ ရင်းနှီးချစ်ကြည် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်

မြန်မာနိုင်ငံသည် နိုင်ငံတကာဆက်ဆံရေးကဏ္ဍတွင် လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးမူဝါဒနှင့်အညီ နိုင်ငံတကာနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလျက်ရှိသည်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံမိသားစုဝင် နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုကို တန်ဖိုးထား၍ ဆက်ဆံလျက်ရှိရာ နိုင်ငံအချင်းချင်း ဒေသတွင်းဖွံ့ဖြိုးရေး၊ စီးပွားရေး၊ သိပ္ပံနှင့်နည်းပညာ စသည့်ကဏ္ဍအသီးသီးတို့၌ ပူးပေါင်းဆောင်ရွက်နေကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စူရာယုဒ်၊ ချူလာနွန် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး လည်ပတ်ရန် နိုဝင်ဘာလ ၂၃ ရက်နေ့က ရောက်ရှိခဲ့သည်။

ညှော်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စူရာယုဒ်၊ ချူလာနွန်သည် ချစ်ကြည်ရေးခရီးစဉ်အတွင်း ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

မြန်မာနှင့်ထိုင်းနိုင်ငံတို့သည် ရေမြေချင်း ဆက်စပ်လျက်ရှိရာ စွမ်းအင်၊ သိပ္ပံနှင့်နည်းပညာ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကဏ္ဍတို့၌ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနှင့်ထိုင်း နှစ်နိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်ခိုင်မြဲနေသည့် အစဉ်အလာနှင့်အညီ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စူရာယုဒ်၊ ချူလာနွန်၏ ချစ်ကြည်ရေးခရီးသည် မြန်မာ-ထိုင်း နှစ်နိုင်ငံ စီးပွားရေးနှင့် ကဏ္ဍအလိုက် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့် ဖော်ဆောင်သွားနိုင်မည်ဟု ယုံကြည်ပါသည်။ ။

ပေးအပ်လှူဒါန်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ပဲခူးတိုင်း တောင်ငူမြို့နေ ဦးဇော်လွင်-ဒေါ်စုစု၊ သမီး သီရိဇော် (ဝါဝါဝင်းရတနာရွှေဆိုင်)မိသားစုက အလှူတော်ငွေ ကျပ် ၁၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းအမှုဆောင်ဆရာတော် အရှင်ကုသလ (M.A) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီးဗိုလ်ချုပ်စောလွင်အား ဂျာမနီနိုင်ငံမှအဖွဲ့ တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၄

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ Fritz Werner Industries, Germany မှ President, Mr. W. Schoeltzke ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုဝင်ဘာ ၂၁ ရက် ညနေ ၃ နာရီတွင် နေပြည်တော်ရှိ အမှတ်(၂)စက်မှု ဝန်ကြီးဌာနဝန်ကြီး၏ ညှော်ခန်းမ၌ တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် အမှတ်(၂) စက်မှုဝန်ကြီးဌာနနှင့် Fritz Werner Industries, Germany တို့ အကျိုးတူ ပူးပေါင်းတည်ထောင်ထားသည့် မြန်မာ ဖရစ်ဝါနာ စက်မှုလုပ်ငန်း ကုမ္ပဏီ လီမိတက်အနေဖြင့် စက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများ၊ ထရန်စဖော်မာ ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းများ ဆွေးနွေးကြသည်။

တွေ့ဆုံရာသို့ အမှတ်(၂)စက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ညှိနှိုင်းဆွေးနွေး

မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်ရေး၊ သစ်နှင့်သတ္တု ထုတ်လုပ်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ဒုတိယအကြိမ် ဒုတိယ ဝန်ကြီးအဆင့် ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပစဉ်။

(သတင်းစဉ်)

မြန်မာ-တရုတ် ကုန်သွယ်ရေး၊ သစ်နှင့်သတ္တုထုတ်လုပ်မှု ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၏ ဖိတ်ကြားချက်ဖြင့် မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်ရေး သစ်နှင့်သတ္တု ထုတ်လုပ်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ဒုတိယအကြိမ် ဒုတိယဝန်ကြီးအဆင့် ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး မစ္စတာ ချန်းကျန်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၉ ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး မစ္စတာချန်းကျန်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ၂၀ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူအား ရန်ကုန်မြို့ရှိ နီကိုးကန်တော်ကြီး ဟိုတယ်၌ တွေ့ဆုံသည်။

ဆွေးနွေး

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန လက်ထောက်ဝန်ကြီးမစ္စတာ ချန်းကျန်းတို့ ခေါင်းဆောင်၍ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်ရေး၊ သစ်နှင့် သတ္တုထုတ်လုပ်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ ဒုတိယအကြိမ် ဒုတိယဝန်ကြီးအဆင့် ညှိနှိုင်းဆွေးနွေးပွဲကို နီကိုးကန်တော်ကြီးဟိုတယ်၌ဆက်လက်ကျင်းပရာ နှစ်နိုင်ငံအကျိုးတူ ကိစ္စရပ်များနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ရောက်ရှိ

မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်ရေး၊ သစ်နှင့်သတ္တု ထုတ်လုပ်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ဒုတိယအကြိမ် ဒုတိယဝန်ကြီးအဆင့် ညှိနှိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ၂၂ ရက်တွင် ငွေဆောင်၌ ဆက်လက်ကျင်းပပြီး ညနေပိုင်းတွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန လက်ထောက်ဝန်ကြီး မစ္စတာချန်းကျန်းနှင့် အဖွဲ့သည် ငွေဆောင်ကမ်းခြေမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

လက်မှတ်ရေးထိုး

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့အကြား ကြွေးမြီသက်သာခွင့်ဆိုင်ရာ သဘောတူညီချက်၊ အတိုးမဲ့ချေးငွေချေးငှားသည့် စာချုပ်၊ အတိုးနှုန်းသက်သာသော ချေးငွေ ချေးငှားသည့် စာချုပ်နှင့် မြန်မာပညာတော်သင်များ တရုတ်နိုင်ငံသို့ စေလွှတ်ရေးဆိုင်ရာ သဘောတူစာလွှာများ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၃ ရက်တွင် ဟိုတယ်နီကိုး၌ ကျင်းပရာ သဘောတူညီချက်များကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး သူရိန်ဇော်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုတို့က လက်မှတ်ရေးထိုးကြသည်။

ဆက်လက်၍ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ကုန်သွယ်မှု၊ သစ်နှင့် သတ္တုပူးပေါင်းဆောင်ရွက်ရေး ဒုတိယအကြိမ် ဒုတိယဝန်ကြီးအဆင့် ဆွေးနွေးပွဲ၊ မှတ်တမ်းလက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ကျင်းပရာ နိုင်ငံခြားရေး ဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနလက်ထောက်ဝန်ကြီး မစ္စတာချန်းကျန်းတို့က လက်မှတ်ရေးထိုးကြသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန လက်ထောက်ဝန်ကြီး မစ္စတာ ချန်းကျန်းခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ၂၃ရက် ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

ဆေးပဒေသာပင် လှူဒါန်း

တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်လုံးဆိုင်ရာ သာသနာ့နုဂ္ဂဟ ဓမ္မာရုံ၏ ၁၉၉၀ ပြည့်နှစ်မှ ၂၀၀၆ ခုနှစ်အထိ နာယကများ၊ အမှုဆောင်များနှင့် အလှူရှင်များက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင် ကျပ်သိန်း ၃၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၂)ဦးသန်းအောင်နှင့် အတွင်းရေးမှူး ဦးမောင်မောင်တို့လက်ခံယူပြီး တွေ့ရစဉ်။ (က-ပ)

အသက်ရှည်စွာ အနာမဲ့ရေး(၁၈)

ဒေါက်တာလွင်ကို

"ဆရာရေ ကျွန်တော့်ကို အကြံပြုပါဦးခင်ဗျာ၊ ဆီးချို ရှိ၊ မရှိ အကြိမ်ကြိမ် အထပ်ထပ်စစ်တာ နံနက်စာမစားမီရော အချိန်မရွေး ကောက်စစ်တာရော ဆီးချိုရှိကြောင်း သေချာတယ်။ သို့သော် 190-200 mg%လောက်တဲ့၊ အဆိုးကြီးမဟုတ်ဘူးလို့ သိရပါတယ်" ဦးဆန်းအောင်က ဆိုလာပါသည်။

"ဟုတ်ကဲ့၊ အဆိုးကြီးတော့ မဟုတ်ပါဘူး၊ မိသားစုဆရာဝန်နဲ့ ဆက်ပြပြီး ကုသမှုခံယူပါ။ ဒီနေ့ခံယူချက်က ဆီးချိုရောဂါအတွက် သက်တမ်းမတိုစေရလို့ ဆရာဝန်တွေ နားလည်လက်ခံထားပါတယ်"

"ဟုတ်ကဲ့ပါဆရာ၊ ဆရာကလည်း ကျွန်တော့်မိသားစုရဲ့ အတိုင်ပင်ခံပါ။ ကျွန်တော်က တိုင်းရင်းဆေး စားချင်လို့ ဆရာနဲ့ဆွေးနွေးတာပါ။ ကျွန်တော့်မိတ်ဆွေတချို့က နနွင်းခါးဆေးစားရင် ဆီးချိုရော သွေးတိုးပါ ကောင်းတယ်ဆိုလို့ စားနေပါတယ်"

"ကောင်းပါတယ် ဦးဆန်းအောင်၊ နနွင်းရော၊ နနွင်းခါးရော ဆေးဘုရင်တွေပါပဲ။ ဆက်သာစားပါဗျာ"

"ဆရာကြီး ဦးသာဂဒိုးရဲ့စာတွေထဲမှာ ပျားရည်ခြောက်ခန်းခြင်းတို့၊ ဓာတ်ပျော့ဓာတ်ဖောက်ခြင်းတို့ ဖြစ်ပြီဆိုလျှင် သူထိန်းထားသည့် နနွင်းခါးမှာ သေဆေးပမာ ဖြစ်သွားရတတ်တယ်လို့ ဖော်ပြထားတဲ့အပြင် သူ့ဇနီးတောင် ဒါ့ကြောင့် ကိုယ်တစ်ခြမ်းသေဘဝ ရောက်သွားရတယ်ဆိုပဲ၊ ဆရာလည်း ဖတ်ပြီးရောပေါ့"

"ဖတ်ပြီးပါပြီဗျာ၊ ဖတ်ပြီးတော့ နနွင်းခါးအကြောင်း ကိုယ်တိုင်ဆေးဖော်နေတဲ့ ဆရာကြီးတွေကို ပျားရည်ရဲ့ သဘောသဘာဝနဲ့ အာနိသင်အကြောင်း မေးပြီးပါပြီ။ နနွင်းခါးကို ပျားရည်မပါဘဲ ဖော်ထားတဲ့ဆေးတွေလည်း ရှိပါတယ်တဲ့၊ ပျားရည်ဆိုတာကလည်း ဘယ်လောက်ကြာကြာထားထား လျော့သွားခြင်း၊ ပုရွက်ဆိတ်တက်ခြင်း၊ အခြားပိုးဝင်ခြင်း၊ ဓာတ်ပျက်ခြင်း၊ ဓာတ်ပြယ်ခြင်းမဖြစ်တဲ့ ဆေးဖက်ဝင် အံ့ဩဖွယ် ဆေးအရည်ဖြစ်တယ်တဲ့။ ဦးလေးဒိုးနဲ့ အန်တီအေးကိစ္စက တိုက်ဆိုင်မှု ဖြစ်ပါလိမ့်မယ်တဲ့"

"ဆရာ့အမြင်ကရောဆရာ"

"ကျွန်တော်က အနောက်တိုင်း ဆေးပညာရှုထောင့်ကနေ ကြည့်ပြီး စုံထောက်လို စဉ်းစားကြည့်တော့ အန်ကယ်ဒိုးရဲ့ဇနီး အန်တီအေးမှာ ယခင်ကတည်းက သွေးတိုး သို့မဟုတ် ဆီးချို သို့မဟုတ် နှစ်မျိုးလုံး ရှိပါလိမ့် မယ်။ ဒါ့ကြောင့် နနွင်းခါးဆေး စားတာပေါ့၊ ဆွမ်းထအချက်မှာ ဇက်ကြောတက်ပြီး ခေါင်းမထူချင်လောက်အောင် မူးနေပါလိမ့်မယ်၊ ဒါ့ကြောင့် ဆေးစားချိန်မဟုတ်ဘဲ ဆေးယူစားတာပါ။ ဆေးကလည်း ပုံမှန်မစားဖြစ်ဘူးလို့ ယူဆနိုင်ပါတယ်။ ဒါ့ကြောင့် ဆေးမစားမီ အချိန်ကပင် ဦးနှောက်သွေးကြောထဲက သွေးယိုစိမ့်ထွက်နေပါပြီ။ အဲဒီ အခြေအနေမျိုးမှာ ဦးနှောက်တွင်းမှာ ဖိအားများလာပါတယ်၊ (Increased Intracranial Pressure)လို့ ခေါ်ပါတယ်။ အဲဒီလို ဦးနှောက်တွင်း ဖိအားများလာတဲ့ အခြေအနေတိုင်းမှာ မလွဲမသွေ အန်တတ်ပါတယ်။ အန်တာမှ ရိုးရိုးအန်တာ မဟုတ်ပါဘူး၊ အန်ကယ်ဒိုး ပြောသလို ဆေးကျွေးလို့ အန်သလိုပဲပေါ့ (Projectile vomiting)လို့ ခေါ်ပါတယ်"

"အဲ့ဒါကို သက်သေထူတာကတော့ သွေးတိုင်းတဲ့အခါ 230/115 mmHg ဖြစ်နေတယ်ဆိုပဲ၊ ညအိပ်ရာ မဝင်ခင်ကတည်းက သွေးတက်နေပါလိမ့်မယ်။ သွေးတက်လွန်လို့ ဦးနှောက်သွေးကြောထိတယ်၊ မူးမယ်၊ ဇက်ကြောတက်မယ်၊ နောက် အန်မယ်၊ အဲဒီဖြစ်စဉ်ထဲမှာ နနွင်းခါး ကြားညပ်သွားတာပါ ဦးဆန်းအောင်ရယ်။ တစ်ပတ်လောက် စားပြီးပြီပဲ၊ ဆေးမတည့်တဲ့ လက္ခဏာမှမရှိဘဲ ဆက်သာစားပါ။ အနောက် တိုင်းဆေး/တိုင်းရင်းဆေး ဘယ်ဆေးဖြစ်ဖြစ် သူနဲ့တည့်ပေမယ့် ကိုယ်နဲ့မတည့်တာတော့ ရှိတတ်ပါတယ်။

"ကျွန်တော် အကြံပြုချင်တာက မြန်မာဆေးအဖုံကို မှန်မှန်စားစေချင်ပါတယ်။ တစ်မျိုးတည်းဖော်တဲ့ "မြစ်"ချင်းပြီးဆေးတွေက ဓာတ်ညှိမပေးနိုင်ပါဘူး၊ အဖုံဆေးကသာ ပါဝင်တဲ့ဆေးအမယ်အချင်းချင်း ဓာတ်ညှိပေးတဲ့အပြင် ခန္ဓာကိုယ်ရဲ့ ဇီဝဖြစ်စဉ်နဲ့ ဓာတ်ညှိပေးလေ့ရှိတာဗျ"

"ဟုတ်ကဲ့ပါ ဆီးချိုရောဂါနဲ့ပတ်သက်ပြီး ဆေးဖက်ဝင်အပင်များကိုလည်း သိပါရစေ"

"ဒါကတော့ ကျွန်တော့်ထက် နှံ့စပ်တဲ့ ဦးလေးချောတို့ ဆွေးနွေးပေးဖို့ မေတ္တာရပ်ခံပါတယ်"

"ကျွန်တော်တို့ကြားဖူးတာကတော့ ဆူးဖြူပင်၊ ပြည်ပန်းညို၊ ညောင်သပြေ၊ ညောင်ဗောဓိ၊ ကုန်းသပြေ၊ သပြေကြက်ခြေ၊ သင်္ဘော လက်ပံ၊ ကင်းပုံ၊ ကြက်ဟင်းခါး၊ ပိုးစာ၊ ကြက်လည်ဆံ၊ ဆင်တုံးမနွယ်၊ ဆင်နှာမောင်းကြီး၊ ဆေးခါးကြီး၊ နနွင်းခါး၊ ဒန့်သုခ၊ မြက်မုန်ညင်း စသည်ဖြင့်ပေါ့။ ဆီးချိုအတွက် ကောင်းတယ်လို့တော့ ကြားဖူးပါတယ်။ ဘယ်အချိန်အဆနဲ့ စားရမယ်ဆိုတာတော့ ကျွန်တော် အတပ်မပြောနိုင်သလို ဝေဒနာရှင် တစ်ယောက်နဲ့တစ်ယောက် အတွက်လည်း တူမှာမဟုတ်ဘူး ထင်ပါတယ်"

"ကျွန်တော် ကြားဖူးတာ ထပ်ဖြည့်ပါရစေ"

ဟု ဦးလေးတင်အေးက ဆိုပါသည်။

"ခွေးတောက်၊ သင်္ဘောမည်ိုး၊ ကန့်ချုပ်နီ၊ ဖန်ခါး၊ ပျားမီးစွဲ၊ ရှမ်းဆေးခါး၊ ပုတီးဖြူ၊ နဂါးမောက်တို့လည်း ဆီးချိုအတွက် တစ်ရွာတစ်ပုဒ်ဆန်း သုံးနေကြတာခင်ဗျာ့"

"ကျေးဇူးတင်ပါတယ် ဦးလေးတို့ခင်ဗျာ။ အခု ဦးဆန်းအောင်ရဲ့ သွေးချိုက အချိန်မရွေးစစ်တာ သကြားဓာတ် 160-200 mg% ပတ်ဝန်းကျင်မှာဆိုတော့ သာမန်လူတွေမှာရှိရမယ့် ပမာဏထက် နည်းနည်းပိုပါတယ်။ လူကောင်းတွေမှာ 90- 180mg% အတွင်းမှာ ရှိတတ်ပြီး အစာမစားဘဲစစ်ရင် 100-110mg% လောက်ရှိသင့်ရာမှာ၊ အစာစားပြီး စစ်ရင်တောင် 160-170 mg% လောက် ရှိတတ်ပါတယ်၊ ဆီးချိုဝေဒနာရှင် တချို့မှာတော့ 400-500-600 mg% အထိ တက်တာတွေလည်း ရှိတတ်ပါတယ်။ **ဒီတော့ မြန်မာတိုင်းရင်းဆေးစားစား၊ အနောက်တိုင်းဆေးစားစား နားလည်တတ်ကျွမ်းတဲ့သူနဲ့ သေသေချာချာ တိုင်ပင်စစ်ဆေးပြီးမှ ဆေးအချိန်အဆကို စားသင့်ပါတယ်၊ ဆီးချိုဝေဒနာရှင်တိုင်းဟာ အစားအသောက် ဆင်ခြင်သင့်ပါတယ်"**

"ဟုတ်ပါပြီဆရာ ကျွန်တော်တို့ သိသလိုရှိပေမယ့် ပိုပြီးရှင်းသွားအောင် အစားအစာကိစ္စ၊ ဆရာပဲ ဆက်ဆွေးနွေးပေးပါ"

"ကျွန်တော်တို့ စားနေကြတဲ့အစာထဲမှာ အဆီဓာတ်၊ အသားဓာတ်၊ ကစီဓာတ်ဆိုပြီး ရှိတဲ့အနက်က ဆီးချိုဝေဒနာရှင်ဟာ အဆီ 30%၊ အသား 30% နဲ့ ကစီ 40% လောက်စားသင့်ပါတယ်။

"သွေးချို၊ ဆီးချိုရှိတဲ့သူကတော့ သကြား၊ ကြံသကာ၊ ထန်းလျက် စသည်ဖြင့် အချိုများသောအစာများ၊ အချိုနဲ့လုပ်ထားသော မုန့်များကို ရှောင်ကြဉ်ရပါမယ်၊ ကျွန်တော်တို့ မြန်မာတွေ ကြိုက်တတ်တဲ့ ကစီဓာတ်များတဲ့ထမင်း၊ မုန့်ဟင်းခါး၊ မုန့်တီနဲ့ ဂျုံနဲ့လုပ်တဲ့ ခေါက်ဆွဲ၊ ပေါင်မုန့်၊ ပလာတာတို့အပြင် အာလူး၊ ကန်စွန်းဥ၊ ပိန်းဥလိုဥမျိုးများအပြင်၊ အချိုဓာတ်လွန်ကဲတဲ့ အသီးများကို ရှောင်/လျှော့စားရပါမယ်၊ ပဲအမျိုးမျိုးကိုတော့ ပုံမှန်စားပြီး ဟင်းသီးဟင်းရွက်ထဲက ရှောက်၊ သံပရာ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ဆလတ်ရွက်၊ နံနံပင်၊ မှို၊ ဒန့်သလွန်ရွက်၊ ကြက်ဟင်းခါး၊ ခွေးတောက်၊ ဂေါ်ဖီ၊ ပန်းမုန်လာ၊ ကျောက်ဖရုံစသည်ဖြင့် စိတ်တိုင်းကျ များများစားနိုင်ပါတယ်။ အသားငါးထဲကတော့ အသားချည်းသက်သက်နဲ့ ငါး၊ ပုစွန်တို့နဲ့ သင့်တာပေါ့၊ အဆီအနေနဲ့စဉ်းစားရင် ကျွန်တော်တို့ နယ်တွေမှာ စားနေကျ ပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ စားလို့ရပါတယ်"

"ဟုတ်ပါပြီဆရာ၊ မြန်မာဆေးလည်း ညွှန်းပါဦး၊ ဆရာ့အတွေ့အကြုံ ဆီးချိုဝေဒနာရှင်များရဲ့ ပွဲတင်သံကိုပေါ့ ဆရာရယ်။ ကျွန်တော် တစ်ခါ မေးဖူးတဲ့ Evidence base ဆန်ဆန်ပေါ့"

"ဦးဆန်းအောင်ရေ အင်္ဂလိပ်ဆေးမှာလည်း ဆီးချိုဝေဒနာရှင်များ အတွက် ဆေးအမျိုးမျိုးအထွေထွေ ရှိကြသလို မြန်မာတိုင်းရင်းဆေးမှာလဲ ဆီးချိုအတွက် ဆေးအဖုံဖုံ ရှိကြပါတယ်။

"မိမိနဲ့ ဘယ်ဆေးနဲ့ သင့်လျော်တယ်၊ ဘယ်အချိန်အဆနဲ့ သင့်လျော်တယ်ဆိုတာ၊ တစ်ဦးနဲ့တစ်ဦး ကွဲပြားလေ့ ရှိတတ်ပါတယ်၊ ဒီတော့ ဆီးချိုဝေဒနာရှင်များနဲ့ သင့်လျော်တာတော့ မိသားစုဆရာဝန် ထားခြင်းပါပဲ၊ မိသားစုဆရာဝန်က ဆီးချိုပါရဂူ မဟုတ်ခဲ့ရင် ပါရဂူတစ်ဦးဦးနဲ့ တိုင်ပင်ပြီး ကုပေးရင် အကောင်းဆုံး ဖြစ်လိမ့်မယ်လို့ အကြံပြုချင်ပါတယ်၊ မိမိကိုယ်တိုင်ကလည်း ရောဂါအကြောင်း ဆောင်းပါးများ ဖတ်ထားပြီး ရှောင်ရန် ဆောင်ရန်တွေကို သိရပါမယ်"

"ဟုတ်ကဲ့ လိုက်နာပါ့မယ်၊ ဆရာ့ရဲ့တိုင်းရင်းဆေး အတွေ့အကြုံ ဗဟုသုတလေး ကြားပါရစေ"

"ဒီလိုရှိပါတယ် ဦးဆန်းအောင်ရယ်။ ၂၀၀၂ ခုနှစ် တိုင်းရင်းဆေး ညီလာခံမှာ တင်သွင်းတဲ့ သုတေသနလုပ်ပြီး ဆွေးနွေးချက်ကလေးကို ဥပမာပြပါမယ်၊ သုတေသီက 'Study on action and side effect of anti-diabetic traditional medicine avilable in the market' (ဈေးကွက်တွင်ရှိသော ဆီးချိုဆေးများ၏ အာနိသင်နှင့် ဘေးထွက်ဆိုးကျိုးကို လေ့လာခြင်း)လို့ ဘာသာပြန်ရမယ့် လေ့လာမှုတစ်ခု လုပ်ခဲ့ပါတယ်။

"ရွှေဘုရင်၊ မင်္ဂလာ၊ နံ့သာနီနဲ့ ဒန့်သုခဆိုတဲ့ ဆီးချိုဆေးတွေကို TM-A, TM-B, TM-C, TM-D နံပါတ်တွေ အစဉ်လိုက်မဟုတ်ဘဲ လျှို့ဝှက်စွာပေးပြီး စမ်းခဲ့တဲ့ တွေ့ရှိချက်ကလေးတွေကို ပြပါ့မယ်၊ အတိုချုပ်ပေါ့ဗျာ။

"ဒီဇယားနှစ်ခုက ဆီးချိုရောဂါမရှိတဲ့ လူသုံးယောက်ကို နံနက်စာ ထမင်းတစ်ပန်းကန်စီ ကျွေးပြီး တစ်နာရီအကြာမှာ ဆေးတိုက်၊ နောက် တစ်နာရီတစ်ခါ သွေးထဲမှာရှိတဲ့ သကြားဓာတ်ကို ငါးနာရီတိတိ ဆက်တိုက်တိုင်းထားတာ၊ ဇယား(၁)က ဆေးပြား ငါးပြားကျွေးတဲ့ (Result)အဖြေ၊ ဇယား(၂)က ဆေးပြား ၁၀ ပြားကျွေးထားတဲ့ (Result)အဖြေ၊ သုံးတဲ့ဆေးက TM-Bပါ။





"ဆေးပေးလိုက်လို့ သွေးထဲမှာရှိတဲ့ သကြားဓာတ်က တစ်နာရီထက် တစ်နာရီနည်းနည်းချင်း ပိုကျလာတာတွေ့ရပါတယ်။ ဆေးငါးပြား ပေးတာနဲ့ ၁၀ ပြားပေးတာ သိပ်မထူးခြားတာ တွေ့ရပါတယ်။

"ဟောဒီ အောက်ပုံကတော့ ဆီးချိုဝေဒနာရှင် နှစ်ယောက်ကို ဆေးငါးပြား။ တစ်နေ့သုံးကြိမ် တစ်လတိုက်ပြီး လေ့လာထားတာပဲ"

"ဒီဇယားကိုကြည့်ရတာ ဒီဆေးက အစွမ်းထက်တာပဲနော်။ Blood Suger Level ကျလာတယ်။ ဘာဆေးလဲဆရာ"

"မြန်မာဆေးတစ်ဖုံပေါ့ ဦးဆန်းအောင်၊ စမ်းသပ်ဆေး လေးမျိုးထဲက တစ်မျိုးမျိုးတော့ ဖြစ်မှာပေါ့"

"နနွင်းခါးပါလား ဆရာ၊ နနွင်းခါးမှာရော ဘေးထွက်ဆိုးကျိုးရှိလား"

"ပါနိုင်တာပေါ့ ဦးဆန်းအောင်ရယ်။ (Mahidol University Annual Research Abstracts 2000-459 'Effect of Curcuma Comosa Extract on male fertitity in rats,)ဆိုတဲ့ စာတမ်းမှာတော့ နနွင်းကို (Hexane extract) အနှစ်ထုတ်ယူပြီး ကြွက်ရဲ့ အစာအိမ်ထဲကို 500 mg/kg Bwထည့်ပြီး စမ်းသပ်မှု ပြုလုပ်ခဲ့ရာမှာ ခုနစ်ရက်ကြာတော့ ကြွက်တွေရဲ့ (Testis) မျိုးဥသေးသွားတယ်၊ (Prostate) ဆီးကျိတ်သေးသွားတယ်။ (Sparm) မျိုးပွားကောင်ရေနဲ့ သူတို့ရဲ့လှုပ်ရှားမှုကျသွားတာတွေ့ရတယ်တဲ့"

"ဟာဆရာ ကြောက်စရာပါလား"

"မကြောက်ပါနဲ့ ဦးဆန်းအောင်ရယ်။ ခန္ဓာကိုယ်ထဲမှာရှိတဲ့ ကိုလက်စထရော (Triglyceride)ကိုလည်း လျှော့ချပေးတော့ နှလုံး၊ ဦးနှောက်အဆီပိတ်ပြီး သွေးမလျှောက်တဲ့ ရောဂါကြီးနဲ့ အသက်အန္တရာယ်တော့ ကောင်းကောင်း ကာကွယ်ပါတယ်၊ အသက်ထက် အရေးကြီးတာ ဘာရှိသေးလဲဗျာ၊ အသက်(၆၅)နှစ်လောက်ဆိုတော့ ဆီးကျိတ်ကြီးမှာတောင် ကာကွယ်ပေးပါသေးတယ်၊ နောက်ပြီး ကျွန်တော်တို့ အလှူအတန်းပြုတိုင်း–

"ဣဒံမေပုညံ၊ နိဗ္ဗာနဿပစ္စယော ဟောတု၊ ဣဒံမေဒါနံ အာသဝက္ခယံ၊ ဝဟံဟောတု" ဟုပြုခဲ့သော ကုသိုလ်ကောင်းမှုအစုစုတို့သည် အာသဝေါတရားတို့၏ ကုန်ရာခန်းရာ ငြိမ်းရာချုပ်ရာဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုရပါလို၏လို့ ဆုတောင်းလေ့ရှိပါတယ် ခင်ဗျာ၊ ဒီတော့ နနွင်းခါးပါတဲ့ ဆေးဖုံဟာ ဦးဆန်းအောင်၊ ဦးလေးချော၊ ဦးလေးတင်အေးတို့လို (၆၅) ပတ်ဝန်းကျင် ဆီးချိုဝေဒနာရှင်များအတွက် အသက်ရှည်စွာအနာမဲ့ရေး ဆေးတစ်ခွက်ဖြစ်တဲ့အပြင် ဆုတောင်းတစ်ခု ပြည့်ပြီးသားဖြစ်မှာပါ"

"မှန်လိုက်လေဆရာရယ်၊ ကျေးဇူးတင်ပါတယ်ခင်ဗျာ"

အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်ရှိ ဘီလာကိုဘာ ရထားဘူတာရုံ အနီး၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ပျက်စီးသွားသော မီးရထားတွဲပေါ်ရှိ အပျက်အစီးများကို နိုဝင်ဘာ ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

သမ္မတဘုရှ်၏ အင်ဒိုနီးရှားခရီးစဉ် ဂျကာတာပို့စ်သတင်းစာ ဝေဖန်ရေးသား

ဂျကာတာ နိုဝင်ဘာ ၂၃

အင်ဒိုနီးရှားနိုင်ငံသို့ သမ္မတဂျော့ဂျ်၊ ဘုရှ် အလည်အပတ်ရောက်စဉ်အတွင်း ချစ်ကြည်ရင်းနှီးမှုမရှိသည့် ကြိုဆိုမှုမျိုးဖြင့် ကြိုဆိုရန် ပြည်သူများက အဆင်သင့်ပြင်ဆင်ထားကြောင်း ဘုရှ်က တနင်္လာနေ့တွင် ပြောကြားခဲ့သည်။

ရေးသားထား

သမ္မတဘုရှ်၏ မူဝါဒများအထူးသဖြင့် အီရတ်နှင့်အစ္စရေး-ပါလက်စတိုင်းပဋိပက္ခဆိုင်ရာ မူဝါဒများကြောင့် အင်ဒိုနီးရှားနိုင်ငံမှ ပြည်သူအများစုသည် ဘုရှ်၏ ခရီးစဉ်ကို ဆန့်ကျင်ကြပြီး ၎င်းတို့သည် ဆန္ဒများ ဖော်ထုတ်သည့်အနေဖြင့် လမ်းမများပေါ်ထွက်၍ ဆန္ဒပြခဲ့ကြသည်ဟု အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော ဂျကာတာပို့စ်သတင်းစာ ခေါင်းကြီးပိုင်းတွင် ရေးသားထားသည်။ ဘုရှ်သည် အမေရိကန် ပြည်သူလူထု အများစုကြိုက်နှစ်သက်သည့် ခေါင်းဆောင်တစ်ဦး မဟုတ်သည်ကို သိနိုင်ဖွယ်ရှိသည်ဟု သတင်းစာက ဆက်လက်ရေးသားသည်။

လိုလား

အမေရိကန် ဆန့်ကျင်ရေးစိတ်ဓာတ်များသည် အင်ဒိုနီးရှားနိုင်ငံတွင်သာမက ကမ္ဘာတစ်ဝန်းရှိနိုင်ငံအများစုတွင်ပါ တိုးတက်ဖြစ်ပေါ်နေကြောင်း၊ ယင်း၏အကြောင်းရင်းမှာ ဘုရှ်၏မူဝါဒများကြောင့်ပင်ဖြစ်ကြောင်း၊ ထိုမူဝါဒများကို ဖယ်ရှားလိုက်ပါက ကမ္ဘာတစ်ဝန်းရှိ ပြည်သူလူထု အပေါင်းက အမေရိကန်ပြည်ထောင်စုကို လိုလားကြမည် ဖြစ်ကြောင်း သတင်းစာကရေးသားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကိုလံဘီယာတွင် ကိုကင်း ၁ ဒသမ ၃ တန်ဖမ်းမိ

ဘိုဂိုတာ နိုဝင်ဘာ ၂၃

စိန်အင်ဒရီနှင့် ပရိုဗီဒန်စီယာကျွန်းများအနီးတွင် ကိုလံဘီယာတပ်ဖွဲ့များက စစ်ဆင်ရေးဆောင်ရွက်ခဲ့ရာ မသင်္ကာဖွယ်ရာ လူငါးဦးနှင့်အတူ ကိုကင်း ၁ ဒသမ ၃ တန်ကို ဖမ်းဆီးမိခဲ့ကြောင်း စစ်ဘက်သတင်းများက တနင်္လာနေ့တွင် ဖော်ပြသည်။

လူငါးဦးသည် အဖမ်းမခံရမီ တပ်ဖွဲ့ဝင်များကိုတွေ့လျှင် တွေ့ချင်း မူးယစ်ဆေးထုပ်များကို ပိုက်၍ ပင်လယ်တွင်းသို့ ထွက်ပြေးရန် ကြိုးစားခဲ့ကြသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ကာဇက်စတန်မှဂျုံ အီဂျစ်တင်သွင်းမည်

ကိုင်ရို နိုဝင်ဘာ ၂၃

အီဂျစ်နိုင်ငံသည် အာရှအလယ်ပိုင်းနိုင်ငံမှ ဂျုံတန်ချိန် ၁၂၀၀၀၀တင်သွင်းရန် အမေရိကန်ဒေါ်လာ ၂၈သန်းခန့် တန်ဖိုးရှိသော ကန်ထရိုက်စာချုပ်ကို နိုဝင်ဘာ ၂၀ရက်က ကာဇက်စတန်နိုင်ငံနှင့် သဘောတူ လက်မှတ်ရေးထိုးခဲ့ကြောင်း အီဂျစ်နိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှု ဝန်ကြီးဌာနက ပြောကြားချက်ကို သတင်းတစ်ရပ်တွင်ရေးသားဖော်ပြထားသည်။

အဆိုပါ သဘောတူစာချုပ်သည် အီဂျစ်နှင့်ကာဇက်စတန်နှစ်နိုင်ငံအကြား နံစားသီးနှံအမျိုးအစားအရောင်းအဝယ်ပြုသည့်ပထမဆုံး ချုပ်ဆိုသော စာချုပ်ဖြစ်ကြောင်း ကာဇက်စတန်နိုင်ငံနှင့် အီဂျစ်နိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဌာနဝန်ကြီးရာချက်ပ် မိုဟာမက်ဒ်ရာချက်ဒ်တို့က ပြောကြားခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

အာရှအလယ်ပိုင်းနိုင်ငံသို့ အီဂျစ်သမ္မတ ဟိုစ်နီမူဘာရက် မကြာသေးမီက လာရောက်လည်ပတ်စဉ် အထူးသဖြင့် ကုန်သွယ်ရေးနယ်ပယ်တွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် သဘောတူညီမှုရရှိခြင်းဖြစ်ကြောင်း ရာချက်ဒ်ကပြောကြားသည်။ ကာဇက်စတန်နိုင်ငံသည် အီဂျစ်နိုင်ငံမှ ဆေးဝါး၊ အထည်အလိပ်၊ ကော်ဇောနှင့် ပရိဘောဂပစ္စည်းတို့ကို တင်သွင်းမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အီဂျစ်နှင့် ကာဇက်စတန်နှစ်နိုင်ငံ၏ ကုန်သွယ်ရေးဝန်ကြီးများသည် နှစ်နိုင်ငံ အပြန်အလှန် ကုန်သွယ်ရေးကို မြှင့်တင်ဆောင်ရွက်ရန်နှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု အဟန့်အတားများကို ဖယ်ရှားရှင်းလင်းသွားရန်ကြိုးပမ်းချက်အရ ဖက်စပ်ကုန်သွယ်ရေးကော်မတီ တည်ထောင်ရန်နှစ်နိုင်ငံကမကြာသေးမီကသဘောတူထားကြသည်ဟုရာချက်ဒ်ကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။



အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်၌ မက်ထရိုဂိုးလ်လိုင်း မြေအောက်ရထားလမ်း ဖောက်လုပ်နေသည်ကို နိုဝင်ဘာ ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

သက်တမ်းနှစ် ၂၅၀၀ရှိ ရှေးဟောင်းမြို့ သုံးမြို့မှ နံရံအပျက်အစီးများ တရုတ်နိုင်ငံတွင် တွေ့ရှိ

လန်ကျိုး နိုဝင်ဘာ ၂၃

တရုတ်နိုင်ငံမှ ရှေးဟောင်းပစ္စည်းတူးဖော်လေ့လာရေးပညာရှင်များသည် တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ကျန်ဆုပြည်နယ်တွင် နှစ်သက်တမ်း ၃၁၀၀ နှင့် ၂၅၀၀ ခန့်ရှိ ရှေးဟောင်းမြို့သုံးမြို့မှ နံရံအပျက်အစီးများကို ရှာဖွေတွေ့ရှိသည်။

ကျန်ဆုပြည်နယ် လီကျန်ဒေသအနီးတွင်ကွဲပြားခြားနားသည့်နေရာသုံးနေရာဖြစ်သော ကျီရှန်၊ ဒါဘာအိုဇီရှန်နှင့် ရှန်ပင်းတို့တွင် ယင်းနံရံ အပျက်အစီးများကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ယင်းပစ္စည်းများသည် (ဘီစီ ၁၁၀၀-၇၇၁ ဘီစီ) ဇူမင်းဆက်မှ ပစ္စည်းများ ဖြစ်သည်။

ကျီရှန်နှင့် ဒါဘာအိုဇီရှန်နေရာများသည် စတုရန်းမီတာ ၁၀၀၀၀၀ နှင့် စတုရန်းမီတာ၂၅၀,၀၀၀ ခန့် ကျယ်ဝန်းသည့် နေရာများဖြစ်သည်။

အဆိုပါနေရာများမှ နံရံသုံးခုသည် ၂ မီတာမှ ၃ မီတာအထိ မြင့်ပြီး မီတာ ၃၀၀ မှ ၁၂၀၀ အထိ ရှည်သည်။

ယင်းနံရံများသည် ဆိုးဆိုးရွားရွား ပျက်စီးနေသော်လည်း ယင်းနံရံများကို ကြည့်ရှုလေ့လာခြင်းဖြင့် (၂၂၁ ဘီစီ-၂၀၆ ဘီစီ) က အုပ်စိုးခဲ့သည့် ကျင်မင်းဆက်မတိုင်မီ လူထု၏ဘဝနှင့် စီးပွားရေး အခြေအနေများကို သိရှိနိုင်သည်ဟု ဂန်ဆုပြည်နယ် ရှေးဟောင်းလေ့လာရေးနှင့် သုတေသနဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဝမ်ဟွီက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တောင်တက်သမားများ ရှာဖွေရေး ပြင်သစ်ကူညီမည်

ပါရီ နိုဝင်ဘာ ၂၃

ပြင်သစ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနသည် ဟိမဝန္တာဒေသ၌ ပျောက်ဆုံးနေသည့် ပြင်သစ်တောင်တက်သမားလေးဦးကို ရှာဖွေရာတွင် ကူညီသည့်အနေဖြင့် နီပေါနိုင်ငံသို့ အထူးအဖွဲ့တစ်ဖွဲ့ စေလွှတ်ပေးမည်ဖြစ်ကြောင်း စနေနေ့တွင် ပြောကြားသည်။ ယင်းတောင်တက်သမား လေးဦးသည် နီပေါနိုင်ငံ ခတ္တမန္ဒူမြို့၏ မြောက်ဘက်ရှိ ၁၉၃၄၄ ပေ မြင့်သည့် ပယ်လ်ဒေါ တောင်ထိပ်သို့ တက်ရောက်ရန် ယခင်လက သွားရောက်ခဲ့ကြသူများဖြစ်သည်။ လေကြောင်း အကူအညီဖြင့် ရှာဖွေသော်လည်း တောင်တက်သမားများကို မတွေ့ရှိသေးပေ။ အထူးအဖွဲ့ စေလွှတ်ပေးမည့်နေ့ရက်ကို တိတိကျကျ သတ်မှတ်ပေးနိုင်ခြင်းမရှိကြောင်းပြင်သစ်ကာကွယ် ရေးဝန်ကြီးဌာနက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

လော့အိန်ဂျလိစ်တွင် မီးခိုးမြူများထူထပ် လေယာဉ် ၈၈စင်း ဆင်းသက်ရန်ကြန့်ကြာခဲ့

လော့အိန်ဂျလိစ် နိုဝင်ဘာ ၂၃

အမေရိကန်နိုင်ငံ လော့အိန်ဂျယ်လိစ်မြို့တွင် နိုဝင်ဘာ ၁၉ရက် ညက မီးခိုးမြူများ ထူထပ်စွာကျရောက်နေသဖြင့် ဆင်းသက်မည့်လေယာဉ် ၈၈စင်းမှာ အချိန်ရွှေ့ဆိုင်းခဲ့ရကြောင်း ပြည်ထောင်စုလေကြောင်းဌာန(အက်ဖ်အေအေ)က ပြောကြားသည်။

ကမ်းခြေတစ်လျှောက်တွင် မီးခိုးမြူထူထပ်စွာကျနေသဖြင့် အမေရိကန်နိုင်ငံတစ်ဝန်းမှ ပျံသန်းလာကြသော လေယာဉ်များသည် လော့အိန်ဂျယ်လိစ်နိုင်ငံတကာလေဆိပ်တွင် ဆင်းသက်ရန် တစ်နာရီခွဲအထိအချိန်ကြန့်ကြာခဲ့ကြောင်း အက်ဖ်အေအေမှ ပြောရေးဆိုခွင့်ရှိသူ အိုင်အန်ဂရီဂေါ်က နိုဝင်ဘာ ၁၉ရက်တွင်ပြောကြားသည်။

နိုဝင်ဘာလ ၂၀ ရက်နေ့နံနက်ပိုင်းအထိ မီးခိုးမြူမှာ မျှော်မှန်းထားသလို မလျော့နည်းခဲ့ကြောင်း၊ အဆိုပါ လေဆိပ်မြင်ကွင်းမှာ ကြည်လင်မှုမရှိကြောင်း အမျိုးသားမိုးလေဝသဌာနက ဖော်ပြသည်။ မီးခိုးမြူထူထပ်စွာကျရောက်နေစဉ် လေယာဉ်ပြေးလမ်းသို့ ဆင်းသက်ရာတွင် အလိုအလျောက်ကိရိယာစနစ်ဖြင့်သာ ဆင်းသက်နိုင်ကြောင်း ဂရီဂေါ့ကပြောကြားသည်။

ပုံမှန်နှုန်းထားအရ လော့အိန်ဂျလိစ်လေဆိပ်တွင် တစ်နာရီလျှင် လေယာဉ် ၅၈စင်းမှ အစင်း ၆၀အထိဆင်းသက်နိုင်သော်လည်း ယခုအခါ ဆင်းသက်နိုင်သည့် လေယာဉ်နှုန်းထားမှာ ၃၂စင်းမှ ၄၂စင်းသာရှိကြောင်း ၎င်းကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာ သတင်းများ

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ရှန်ဇီပြည်နယ်၏ မြို့တော် စီအန်းတွင် ကိုရီးယားအကအဖွဲ့ဝင်များ ရိုးရာအကများဖြင့် ဖျော်ဖြေနေသည်ကို နိုဝင်ဘာ ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူး လူကုန်ကူးမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ သင်တန်းဆင်းပွဲကျင်းပ

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ ပထမအကြိမ် လူကုန်ကူးမှုဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲသင်တန်းဆင်း ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် နိုဝင်ဘာ ၂၄

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ပထမအကြိမ် လူကုန်ကူးမှုဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ သင်တန်းဆင်းပွဲကို ယနေ့ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ သင်တန်းဆင်းပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ ဌာနကြီးမှူးများ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ သင်တန်းဆရာများ၊ သင်တန်းသူ ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က သင်တန်းဆင်း အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့တို့က သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ယင်းနောက် သင်တန်းဆင်း သင်တန်းသူများ ကိုယ်စားသင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး ပထမအကြိမ် လူကုန်ကူးမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ သင်တန်းဆင်းပွဲတွင် သင်တန်းဆင်းလက်မှတ်ပေးအပ်စဉ်။ (သတင်းစဉ်)

သဲအင်းဂူခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် နိုဝင်ဘာ ၂၄

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ်(၅)ရပ်ကွက် အမှတ်(၄)ဝိုင်း၊ ဓမ္မရောင်ခြည် သဲအင်းဂူ ကမ္မဋ္ဌာန်းကျောင်းတွင် ကျေးဇူးတော်ရှင် မူလသဲအင်းဂူဆရာတော်ကြီး၏ တပည့်ဖြစ်သောအရှင်ပဏ္ဍဝံသ(မိဂလုံ) ဆရာတော်က ခန္ဓာကိုယ်တွေ့ သမထ ဝိပဿနာတရားတော်များကို ဒီဇင်ဘာ ၂ရက်မှ ၈ရက်အထိ အဓိဋ္ဌာန် ခုနစ်ရက် တရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်မည့် သူများအား အကျိုးတော်ဆောင်အဖွဲ့က အခမဲ့ အာဟာရဒါန ကျွေးမွေးလှူဒါန်းမည်ဖြစ်၍ ဒီဇင်ဘာ ၁ ရက် ညနေအရောက် ကြွရောက်ပါရန် နှိုးဆော်ထားသည်။ (က–ပ)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အထိမ်းအမှတ် အမျိုးသမီးရေးရာမဂ္ဂဇင်းထုတ်ဝေရေး(၃/၂၀၀၆)အစည်းအဝေး ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၄

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အထိမ်းအမှတ် အမျိုးသမီးရေးရာ မဂ္ဂဇင်းထုတ်ဝေရေး (၃/၂၀၀၆)အစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာ ဌာနကြီး– ဌာနကြီးမှူး အမျိုးသမီးရေးရာ မဂ္ဂဇင်းထုတ်ဝေရေးအဖွဲ့ခေါင်းဆောင် ဒေါ်ကြည်ကြည်ဝင်းနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး အမျိုးသမီးရေးရာ မဂ္ဂဇင်းထုတ်ဝေရေးအဖွဲ့ ခေါင်းဆောင် ဒေါ်ကြည်ကြည်ဝင်း အမျိုးသမီးရေးရာမဂ္ဂဇင်း ထုတ်ဝေရေး(၃/၂၀၀၆) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အစည်းအဝေးတွင် သဘာပတိ အမျိုးသမီးရေးရာမဂ္ဂဇင်း ထုတ်ဝေရေးအဖွဲ့ခေါင်းဆောင် ဒေါ်ကြည်ကြည်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့တွဲဖက်အတွင်းရေးမှူး ဒေါ်တင်မွေး (မွေးငယ်ငယ်)က ယခင်အစည်းအဝေး (၂/၂၀၀၆)မှတ်တမ်းကို ဖတ်ကြားအတည်ပြုသည်။

ဆက်လက်၍ အမျိုးသမီးရေးရာ မဂ္ဂဇင်းထုတ်ဝေရေးအဖွဲ့ ဒုတိယခေါင်းဆောင် ဦးမျိုးသန့် (မောင်ဆုရှင်)က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်အတွင်းရေးမှူး အဖွဲ့ဝင် ဒေါ်မြမြက မဂ္ဂဇင်းထုတ်ဝေရေး လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများကအမျိုးသမီးရေးရာ မဂ္ဂဇင်းမျက်နှာဖုံး ပုံနှိပ်ခြင်း၊ စာမူနှင့် ကြော်ငြာစုဆောင်းမှု အခြေအနေနှင့် အချိန်မီပုံနှိပ်ပြီးစီးရေး အခြေအနေတို့ကို ဆွေးနွေးတင်ပြကြရာ သဘာပတိ မဂ္ဂဇင်းထုတ်ဝေရေးအဖွဲ့ခေါင်းဆောင် ဒေါ်ကြည်ကြည်ဝင်းက ဖြည့်စွက် ဆွေးနွေးမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အမျိုးသမီးရေးရာမဂ္ဂဇင်း အမှတ်(၁၀)ကို ၂၀၀၆ခုနှစ် ဒီဇင်ဘာလအတွင်း ထုတ်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပြန်တမ်း

နေပြည်တော် နိုဝင်ဘာ ၂၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းအား ယင်းဝန်ကြီးဌာန၊ စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

တိုင်းရင်းဆေးဖြင့် နိုင်ငံတည်

❒ **တိုင်းပြည်အကျိုး၊ ရွက်သယ်ပိုးစဉ်**
အမျိုးဂုဏ်ဟန်၊ ဇာတိမာန်တွက်
ဖွဲ့သန်ကြိုးပမ်း၊ ရှေ့သို့လှမ်းရင်း
လန်းဆန်းတက်ကြွ၊ မြတ်ပုညနှင့်
ဒါနကုသိုလ်၊ ကောင်းမှုပို၍
မင်္ဂလိနိဗ္ဗာန်၊ ရောက်ကြောင်းမှန်သား
မြန်တိုင်းဌာနီ၊ တိုးတက်စည်ပင်
ပြည်ခွင်သာစွ၊ ပစ္စက္ခဝယ်
ဘယကင်းဝေး၊ တိုင်းရင်းဆေးဖြင့်
ငြိမ်းအေးစေမည်၊ နိုင်ငံတည်ခဲ့။

❒ **ကြည်လင်မြတ်ရေး၊ သြဇာလေးနက်**
ဆေးတစ်ခွက်ပင်
ဘေးထွက်အဆိုး၊ မကောင်းကျိုးကင်း
အဆင်းမရှိ၊ အချင်းရှိသော
ဘမိဘိုးဘေး၊ အမွေပေးသည့်
ဆေးစစ်ဆေးမှန်
အမျိုးမှန်တွေး၊ ဖိုးတန်ရေးတွက်
ထက်သန်တိုးပွား၊ အကျိုးများဖို့
ကြိုးစားကြလို့ ဝိုင်းဝန်းစို့။ ။

(သတ္တမအကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံကို ဂုဏ်ပြုလျက်)

ဆွေဦးလွင်

သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ

ရန်ကုန်မြို့

၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ (၂၅ – ၂၆) ရက်နေ့

မသန်စွမ်းသူများ ကူညီစောင့်ရှောက်ရေး ရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၄

ပုဂံစူပါမတ်ကက်က ဦးစီးပြီး ဝေဝေစတူဒီယိုက ကူညီပံ့ပိုး၍ မသန်စွမ်းသူများဘဝ တိုးတက်မြှင့်တင်ရေးနှင့် ကူညီစောင့်ရှောက်ရေးဖောင်ဒေးရှင်းရန်ပုံငွေအတွက် တေးဂီတဖျော်ဖြေပွဲနှင့် ဖက်ရှင်ပြပွဲကို နိုဝင်ဘာ ၁၇ ရက် ည ၇ နာရီက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ မသန်စွမ်းသူများဘဝ တိုးတက်မြှင့်တင်ရေးနှင့် ကူညီစောင့်ရှောက်ရေး ဖောင်ဒေးရှင်း ယာယီဥက္ကဋ္ဌ ပုဂံစူပါ မတ်ကက် မန်နေဂျင်း ဒါရိုက်တာ ဒေါ်အေးမြတ်နွယ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး တက်ရောက်လာသူများကို တေးဂီတတို့ဖြင့် ဧည့်ခံသည်။

အဆိုပါဖောင်ဒေးရှင်းသို့ အသင်းဝင်လိုသူများ၊ လှူဒါန်းလိုသူများသည် ဖုန်း–၅၄၅၀၆၆ ပုဂံစူပါမတ်ကက်သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

● **အိန္ဒိယမှ**

ပြင်ဦးလွင် စစ်တက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်သို့ ရောက်ရှိကြရာ ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် တပ်မတော်အရာရှိကြီးများက ကြိုဆိုကြပြီး ဧည့်ခန်းမဆောင်၌ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက စစ်တက္ကသိုလ်၏ သမိုင်းကြောင်းနှင့် သင်ကြားမှုဆိုင်ရာများကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းပြသသည်။

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်သည် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုး၍ စစ်တက္ကသိုလ်ပါမောက္ခချုပ်နှင့် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်တို့သည် လက်ဆောင်များကို အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ရှင်းလင်းပြသ

ထိုမှတစ်ဆင့် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် ပြင်ဦးလွင်မြို့ တပ်မတော် နည်းပညာတက္ကသိုလ်သို့ ရောက်ရှိကြရာ ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တပ်မတော်အရာရှိကြီးများက ကြိုဆိုကြပြီး အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက တပ်မတော်နည်းပညာ တက္ကသိုလ်သမိုင်းကြောင်းနှင့် သင်ကြားမှုဆိုင်ရာများကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် ဧည့်သည်တော်အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်သည် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုး၍ တပ်မတော်နည်းပညာ တက္ကသိုလ် ပါမောက္ခချုပ်နှင့် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်တို့သည် အမှတ်တရလက်ဆောင်များကို အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ သွားရောက်ကြပြီး အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် အမျိုးသားကန်တော်ကြီးဥယျာဉ်ခန်းမဆောင်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ကြည့်ရှုလေ့လာ

ထိုမှတစ်ဆင့် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် မန္တလေးမြို့သို့ ရောက်ရှိကြပြီး ဦးစိန်မြင့်၏ ရွှေချည်ထိုး လုပ်ငန်းကိုလည်းကောင်း၊ ဒေါ်စုနှင့်သား သိန္ဓောမြင်းပျံ ရွှေပြည်ကျော်လွန်းရာ ကျော်ချိတ် ရက်ကန်းလုပ်ငန်းကိုလည်းကောင်း သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် မန္တလေးတောင် ဆုတောင်းပြည့်ဘုရားသို့ သွားရောက်ဖူးမြော်

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ် Air Chief Marshal S. P Tyagi, PVSM, AVSM,VM ADC, Chairman, Chief of Staff Committee and Chief of the Air Staff **နှင့် ဇနီးနှင့် အဖွဲ့ဝင်များ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။** (သတင်းစဉ်)

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ် Air Chief Marshal S. P Tyagi, PVSM, AVSM ,VM ADC, Chairman, Chief of Staff Committee and Chief of the Air Staff **နှင့် ဇနီးနှင့် အဖွဲ့ဝင်များ မန္တလေးတောင်ပေါ်မှ မန္တလေးမြို့၏ နေဝင်ဆည်းဆာရှုခင်းကို ကြည့်ရှုကြစဉ်။** (သတင်းစဉ်)

ကြည်ညိုကြပြီး ဗုဒ္ဓရုပ်ပွားတော်များအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်တို့ဖြင့် ကပ်လှူပူဇော်ကန်တော့ကြကာ အလှူတော်ငွေများကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် မန္တလေးတောင်ပေါ်မှ မန္တလေးမြို့၏ နေဝင်ဆည်းဆာရှုခင်းကို ကြည့်ရှုကြသည်။

ညပိုင်းတွင် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံလေတပ်ဦးစီးချုပ်နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်ဇနီးတို့က မန္တလေးမြို့ရှိ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မြက်ခင်းပြင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြသည်။

ဂုဏ်ပြုညစာ စားပွဲအပြီးတွင် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်တို့သည် လက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြသည်။ ထို့နောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်က အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းကို ပေးအပ်သည်။

လှည့်လည်ပြသ

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံလေတပ်ဦးစီးချုပ်နှင့်ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ မြနန်းစံကျော်ရွှေနန်းတော်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးမောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ညွှန်ကြားရေးမှူး ဦးအေးမောင်က မြနန်းစံကျော်ရွှေနန်းတော်ကြီး၏ နောက်ခံသမိုင်းအကျဉ်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ မြနန်းစံကျော်ရွှေနန်းတော်ကြီးအတွင်း လှည့်လည်ပြသသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးသို့ ရောက်ရှိကြပြီး ရွှေပြားသက်န်းများနှင့် ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာ တို့ဖြင့် ဆက်ကပ်ပူဇော်ကန်တော့ကြကာ အလှူတော်ငွေများကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်သည် ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးသည်။ ဆက်လက်၍ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့်ကိုယ်စားလှယ်အဖွဲ့သည် ရတနာပူရ မြန်မာ့လက်မှုနှင့် အနုပညာဇိမာန်၊ မန္တလေးတိုင်း သမဝါယမအသင်း အရောင်းဆိုင်သို့ သွားရောက်ကြည့်ရှုကြသည်။

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် မွန်းတည့် ၁၂ နာရီတွင် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ပုဂံညောင်ဦးသို့ တပ်မတော်(လေ) အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ပုဂံ-ညောင်ဦးသို့ ရောက်ရှိ

ထို့နောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် တပ်မတော်(လေ) အထူးလေယာဉ်ဖြင့် မွန်းလွဲပိုင်းတွင် ပုဂံ-ညောင်ဦးလေဆိပ်သို့ ရောက်ရှိကြရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့အား မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဇနီးတို့က သံတဲဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် ပုဂံရှေးဟောင်း ယဉ်ကျေးမှုပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ ပြတိုက်တာဝန်ခံ လက်ထောက် ညွှန်ကြားရေးမှူး ဦးမျိုးညွှန့်အောင်နှင့် တာဝန်ရှိသူများကကြိုဆိုကြပြီး ပြတိုက်အတွင်း လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရွှေစည်းခုံစေတီတော်နှင့် အာနန္ဒာဘုရားတို့သို့ သွားရောက်ဖူးမြော် ကြည်ညိုကြပြီး ပန်း၊ ရေချမ်း၊ ဆီမီးနှင့် နံ့သာတိုင်တို့ဖြင့် ပူဇော်ကြကာ အလှူတော်ငွေများကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်သည် ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးသည်။

ထို့နောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် နန်းမြင့်မျှော်စင်သို့ သွားရောက်ကြ၍ နန်းမြင့်မျှော်စင်ပေါ်မှ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေနှင့် နေဝင်ဆည်းဆာရှုခင်းအလှတို့ကို ကြည့်ရှုလေ့လာကြသည်။

ညပိုင်းတွင် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့အား မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့်ဇနီးတို့က EDEN B.B.B ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ ထို့နောက် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်တို့သည် လက်ဆောင်များကို အပြန်အလှန်ပေးအပ်ကြသည်။

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့်ဇနီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၈ နာရီတွင် ပုဂံညောင်ဦးလေဆိပ်မှ တပ်မတော်(လေ) အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ထွက်ခွာခဲ့ကြရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ပုဂံညောင်ဦးလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ဇနီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးဆက်လက်လည်ပတ်ရန် နံနက် ၉ နာရီခွဲတွင် တပ်မတော်(လေ) အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့်ဇနီးနှင့် ကိုယ်စားလှယ်အဖွဲ့အား မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော်နှင့်ဇနီး၊ တပ်မတော်(လေ)မှ အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံး စစ်သံမှူး Col. Jasvinder Singh Chopra နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မင်္ဂလာဒုံတပ်နယ်ရှိ လေတပ်စခန်းဌာနချုပ်များကို သွားရောက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ဇနီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ကြည်ညိုကြပြီး စေတီတော်ရင်ပြင် ဧည့်ခံတန်ဆောင်းမှ စေတီတော်မြတ်ကြီးအား ပန်း၊ ဆီမီးနှင့်အမွှေးနံ့သာတိုင်တို့ဖြင့် ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်သည် စေတီတော် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌လက်မှတ်ရေးထိုးပြီး အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ဇနီးနှင့်ကိုယ်စားလှယ်အဖွဲ့သည် စေတီတော်ရင်ပြင် စနေထောင့်ရှိ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်မြတ်အား ကြည်ညိုကြပြီး စေတီတော်ရင်ပြင်ရှိ သာသနိက အဆောက်အအုံများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ဇနီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ဇနီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ပြီးနောက် ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ဇနီးနှင့် ကိုယ်စားလှယ်အဖွဲ့တို့ ပြန်လည်မထွက်ခွာမီ လေဆိပ်ဧည့်ခန်းမ၌ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်အား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်းက ချစ်ကြည်ရေး ခရီးစဉ်မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်နှင့် မှတ်တမ်းဗွီစီဒီခွေတို့ကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်သည်။

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ဇနီးနှင့် ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်းနှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra၊ စစ်သံမှူး Col. Jasvinder Singh Chopra နှင့် ၎င်းတို့၏ဇနီးများ၊ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ထူထောင်ပြီးဖြစ်သော ကျေးရွာစာကြည့်တိုက် ၅၀၀၀၀ ကျော်ကို ရေရှည်တည်တံ့အောင်ကြိုးပမ်း နည်းလမ်းငါးသွယ်နှင့် အားလေးအားကို သတ်မှတ်ထားပြီးဖြစ်ရာ အလေးထားဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၄

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ပျဉ်းမနားမြို့ ပျဉ်းမနားခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ သွားရောက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်း(အရာရှိ) အမှတ်စဉ်(၁/၂၀၀၆) ဖွင့်လှစ်ပို့ချမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မွန်းလွဲ ၂နာရီခွဲတွင် ပျဉ်းမနားခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသို့ရောက်ရှိလာရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ သင်တန်း နည်းပြဆရာများနှင့် ပျဉ်းမနားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်ခင်တို့က ကြိုဆိုကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းသည် ရုံးခန်းမ၌ဖွင့်လှစ်ပို့ချနေသော လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်း(အရာရှိ) အမှတ်စဉ် (၁/၂၀၀၆)မှ သင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံ၍ အမှာစကားပြောကြားရာ၌ ဤသင်တန်းတွင် မြို့နယ်ဦးစီးမှူး ၄၁ ဦး အပါအဝင် သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၅၃ ဦးတို့ တက်ရောက်နေကြသည်ဟု သိရှိရကြောင်း၊ မြို့နယ်ဦးစီးမှူးများသည် အခြေခံအကျဆုံးသော ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဝန်ထမ်းများဖြစ်ကြောင်း၊ မိမိတို့၏ ပြန်ကြားရေးလုပ်ငန်းများ ပြည်သူများအကြား၌ အောင်အောင်

မြင်မြင် ဆောင်ရွက်နိုင်ရေးသည် မြို့နယ်အဆင့် ဝန်ထမ်းများသည် အဓိကအကျဆုံးဖြစ်ကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန၏လုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်နိုင်ရန် လုပ်ငန်းလမ်းညွှန်ချက် ၁၄ ချက်ကို ချမှတ်ထားပြီးဖြစ်ကြောင်း၊ယင်းအချက်များတွင် တစ်ချက်အပါအဝင်ဖြစ်သည့် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရေး အတွက် ယခုကဲ့သို့ သင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်းဖြစ်ကြောင်း။

ထို့ကြောင့် သင်တန်းသား၊ သင်တန်းသူများသည် သင်တန်းက ပို့ချချက်များကို အမှန်တကယ် တတ်သိအောင် ကြိုးစားဆည်းပူးကြပြီး လက်တွေ့နယ်ပယ်တွင် ထိရောက်စွာ အသုံးချဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ ထို့အတူ ချမှတ်ပေးထားသော လုပ်ငန်းလမ်းညွှန်ချက်၁၄ချက်နှင့်အညီ လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန၏ တာဝန်များမှာ ပြန်ကြားပေးရန်၊ ဖျော်ဖြေပေးရန်နှင့် ပညာပေးရန်ဟု အကျဉ်းအားဖြင့် သတ်မှတ်ထားကြောင်း၊ ယင်းတာဝန်များကို ကျေပွန်အောင်မြင်အောင် အလေးထားဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

ထို့အတူ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လတ်တလော အဓိကထား ဆောင်ရွက်ရမည်မှာ ထူထောင်ပြီးဖြစ်သော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ၅၀၀၀၀ ကျော်ကို ရေရှည်တည်တံ့ခိုင်မြဲအောင် ကြိုးပမ်းဆောင်ရွက်ရေးပင်ဖြစ်ကြောင်း၊ အဆိုပါ စာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည့် နည်းလမ်းငါးသွယ်နှင့် ပူးပေါင်းဆောင်ရွက်သွားရမည့် အားလေးအားတို့ကိုလည်း သတ်မှတ်ထားပြီးဖြစ်ရာ ယင်းတို့ကို အလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်း ပြောကြားသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းသည် သင်တန်းသား၊ သင်တန်းသူများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး ရုံးညှော်ခန်း၌ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသွားသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း (အရာရှိ) အမှတ်စဉ်(၁/၂၀၀၆)တွင် သင်တန်းသား၊ သင်တန်းသူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အထက(၁)တာမွေ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၄

အထက(၁)တာမွေမှ အငြိမ်းစားယူသွားကြသော ဆရာကြီး၊ ဆရာမကြီးများအား (၁၉၇၂-၇၃ဝန်းကျင်) ကျောင်းသား၊ကျောင်းသူဟောင်းများက (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အဆိုပါကျောင်း ပင်လုံခန်းမတွင် ဒီဇင်ဘာ ၁၇ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီ၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသား၊ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေများကို ဦးမောင်မောင်တီ(သချာ) ဖုန်း-၅၅၂၀၅၄၊ ဒေါက်တာတင်စံဦး ဖုန်း-၅၄၅၈၈၆၊ ဒေါက်တာသန်းသန်းစိုး ဖုန်း-၇၂၄၅၉၀၊ ဒေါ်အေးအေးသန်း ဖုန်း-၅၄၂၂၃၈၊ ၅၄၂၂၅၄၊ ဒေါ်ခင်အေးမြင့် ဖုန်း-၂၅၄၁၀၈နှင့် ဒေါ်နီနီမြင့် ဖုန်း-၅၄၂၄၀၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် ဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ တက်ရောက်အပူဇော်ခံကြပါရန် ဖိတ်ကြားထားကြောင်းသိရသည်။ (ကြေးမုံ)

ကွယ်လွန်သူ မိခင်ကြီး ဒေါ်မြင့်မြင့်သက် (၃)လပြည့်အားရည်စူး၍ ဒဂုံမြို့နယ် ဗိုလ်ရာညွန့်လမ်း ယောမင်းကြီးရပ်ကွက်နေ ဦးမြတ်သူ မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် ကျပ်နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။ (က-ပ)

သာယာမည်

နေပြည်တော်နှင့်အနီး တစ်ဝိုက်တွင် ယနေ့ သာယာမည်။

မျက်စိခွဲစိတ်ပစ္စည်းကိရိယာများပေးအပ်လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၂၄

ဂျပန် JGGA (Japan's Grassroots Grant Assistance) နှင့် Helen Keller International တို့က ရန်ကုန်မြို့မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးသို့ မျက်စိခွဲစိတ် ပစ္စည်းကိရိယာများပေးအပ် လှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၂၂ရက်တွင် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ ဒုတိယအတွင်းဝန် Mr. Takashi Okumr နှင့် Helen Keller International မှ Dr. Roytjiong တို့က JGGA စီမံကိန်းအရ အမေရိကန်ဒေါ်လာ ၉၂၂၃၈ တန်ဖိုးရှိ မျက်စိခွဲစိတ်ပစ္စည်းကိရိယာများကို ကျန်းမာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဒေါက်တာကျော်လင်းထံပေးအပ်လှူဒါန်းကြပြီး**(အပေါ်ပုံ)** မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာမြသောင်းက လက်ဆောင်ပစ္စည်းများကို ပြန်လည်ပေးအပ်သည်။

ထို့နောက်မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး မျက်စိရောဂါပညာဌာနမှ ပါမောက္ခ ဌာနမှူး ဒေါက်တာမြအောင်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် အလှူရှင်များနှင့် ဧည့်သည်များသည် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးရှိမျက်စိခွဲစိတ်ခန်းကို ကြည့်ရှုကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၁၁-၂၀၀၆ (စနေနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ယနေ့အစီအစဉ်	၉း၂၀	မိုးလေဝသခန့်မှန်းချက်
၇း၀၅	ပေါ့ပေါ့ပါးပါးဂေါက်သီး အားကစား(အခြေခံ) (လက်ကိုင်ပုံနည်းစနစ်နှင့် လွှဲချက်တစ်ဝက်ဖြင့် စတင်ခြင်း၊ ဂရင်းအပေါ်သို့ အနိမ့်ပစ်တင်ခြင်း)	၉း၂၅	ချစ်စရာ့ကျေးလက်ဓလေ့နှင့် မိရိုးဖလာအိုးလုပ်ငန်း
၇း၁၅	တေးဂီတအစီအစဉ်	၉း၃၀	တေးဂီတအစီအစဉ်
၇း၂၀	သံတွဲမြို့မှ အံ့ဖွယ်ထူးခြား သုံးဆူဘုရား	၉း၃၅	အားလပ်ရက်တစ်နေ့မှာ (စားချင်ဖွယ်ရာ ကိုးကန့်ရိုးရာအစားအစာ)
၇း၃၀	တေးဂီတအစီအစဉ်	၉း၅၀	တေးဂီတအစီအစဉ်
၇း၃၅	တစ်ပတ်အတွင်း အားကစားသတင်း	၉း၅၅	ယဉ်ကျေးမှုတက္ကသိုလ် (ပန်းချီပညာဌာန)
၇း၅၀	တေးဂီတအစီအစဉ်	၁၀း၁၀	တေးဂီတအစီအစဉ်
၇း၅၅	ပျော်ပျော်ရွှင်ရွှင်ဟာသပညာရှင် (စာရေးဆရာအကြည်တော်နှင့် တွေ့ဆုံခြင်း)	၁၀း၁၅	ယနေ့သိပ္ပံနှင့်နည်းပညာ
၈း၁၀	ပြည်တွင်းသတင်းအကျဉ်း	၁၀း၃၀	ပြည်တွင်းသတင်းအကျဉ်း
၈း၂၀	နိုင်ငံတကာအနုပညာရေးရာ	၁၀း၄၀	သီးနှံအထွက်တိုးစေမည့် ရာသီပြောင်းစက်များ
၈း၃၅	တေးဂီတအစီအစဉ်	၁၁း၀၀	တေးဂီတအစီအစဉ်
၈း၄၀	ရင်သွေးငယ်များကျန်းမာဖို့ မိခင်နို့ချိုတိုက်ကြစို့	၁၁း၀၅	လောင်စာစွမ်းအင်အတွက် အားထားရမည့် ခြံစည်းရိုးကြက်ဆူပင်များ
၈း၅၀	နိုင်ငံတကာသတင်းအကျဉ်း	၁၁း၂၀	တေးဂီတအစီအစဉ်
၈း၅၅	သီချင်းကောင်းကောင်း သီချင်းတောင်း	၁၁း၂၅	နိုင်ငံတကာသတင်းအကျဉ်း
		၁၁း၃၀	ဥဏ်ရည်မြင့်မား လေးနှစ်သား
		၁၁း၅၅	စည်းကမ်းလိုက်နာ ဘေးကင်းကွာ
		၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၅ နာရီစာ အစီအစဉ်များကို ည ၁၁ နာရီအထိ သုံးကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၀၀	ပွဲကြိုသုံးသပ်ချက်(၁)	5-Sports
၆း၃၀	ပွဲကြိုသုံးသပ်ချက်(၂)	5-Sports(Live)
၇း၁၀	Charlton - Everton	5-Sports(Live)
၉း၂၅	Liverpool - Man City	5-Sports(Live)
	Aston Villa - Middlesbrough	5-Series(Live)
	Fultham - Reading	5-Cartoon(Live)
၁၁း၄၀	Bolton - Arsenal	5-Series(Live)

Series-A ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၀၀	AC Milan - Messina	5-Sports(Live)

အကြိုဟောပြောပွဲများ၊ ပြိုင်ပွဲများကျင်းပရာတွင် အမျိုးသားရေးဦးတည်ချက်များကိုအခြေခံ၍ နိုင်ငံတော် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းစဉ်ကို နိုင်ငံသားတိုင်း သတိတရရှိစေရေး လှုပ်ရှားဆောင်ရွက်

☆ ရှေ့ဖုံးမှ

ကျင်းပနိုင်ရေးအတွက် ၂၀၀၇ ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီကို ဖွဲ့စည်းပေးခဲ့ပြီး (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်ကို အောက်ပါအတိုင်း ချမှတ်ပေးခဲ့ကြောင်း၊ ယင်းတို့မှာ–

(က) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်းကာကွယ်စောင့်ရှောက်ရေး။

(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(ဂ) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး

တို့ဖြစ်ကြောင်း။

ချမှတ်ပေးသည့် အမျိုးသားရေး ဦးတည်ချက်(၄)ရပ်နှင့်အညီ နိုင်ငံရေး အနှစ်သာရရှိရှိဖြင့် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို အောက်ပါအတိုင်း ကျင်းပသွားမည်ဖြစ်ကြောင်း–

(က) လွတ်လပ်ရေးနေ့မတိုင်မီ စက်ရုံ၊ အလုပ်ရုံနှင့် ရုံးများ၊ ကျောင်းများတွင် အကြိုဟောပြောပွဲများ ပြုလုပ်ရန်၊

(ခ) နိုင်ငံတော်အလံ လွှင့်ထူရန်၊

(ဂ) နိုင်ငံတော် အလံတင်အခမ်းအနား ကျင်းပရန်၊

(ဃ) ပြည်နယ်/တိုင်း မြို့ကြီးများ၊ ခရိုင်များနှင့် မြို့နယ်များအလိုက် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ ပြပွဲများ ပြုလုပ်ရန်၊

(င) အများနှင့်သက်ဆိုင်သောရုံးများ၊ ကျောင်းများ၊ အဆောက်အအုံများ၊ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကျောက်တိုင်နှင့် ပန်းခြံများတွင် မီးရောင်စုံထွန်းညှိရန်

တို့ ဖြစ်ကြောင်း။

ထို့အပြင် မိမိတို့ ဗဟိုကော်မတီအနေဖြင့် နေပြည်တော်တွင် ကျင်းပမည့် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဆပ်ကော်မတီအသီးသီး ဖွဲ့စည်းပြီး အောက်ပါလုပ်ငန်းတာဝန်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း–

(က) နိုင်ငံတော် အလံတင်အခမ်းအနားကျင်းပရေး၊

(ခ) နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား ကျင်းပရေး၊

(ဂ) လွတ်လပ်ရေးနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနား ပြုလုပ်ရေး

တို့ ဖြစ်ကြောင်း။

နိုင်ငံတော်အလံတင် အခမ်းအနားကို လွတ်လပ်ရေးနေ့ နံနက် ၄နာရီ မိနစ် ၂၀ တွင် ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကျင်းပမည်ဖြစ်ကြောင်း၊ အလားတူ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကိုလည်း ထိုနေ့ နံနက် ၇ နာရီတွင် ပြုလုပ်ပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ လွတ်လပ်ရေးနေ့သဝဏ်လွှာကို နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးက ဖတ်ကြားမည်ဖြစ်ကြောင်း၊ ညနေပိုင်းတွင် လွတ်လပ်ရေးနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲကို နေပြည်တော်၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း။

ထို့အပြင် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်ကို အများပြည်သူမြင်သာအောင် ဆိုင်းဘုတ်ကြီးများ ခံ့ညားထည်ဝါစွာ ရေးဆွဲပြီး သင့်တော်သည့်နေရာများတွင် လွတ်လပ်ရေးနေ့မတိုင်မီ ကြိုတင်စိုက်ထူထားရန် လိုအပ်ကြောင်း။

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး စည်ပင်သာယာရေး နယ်နိမိတ် အပါအဝင် နိုင်ငံတော်တစ်ဝန်းလုံးရှိ မြို့နယ်တိုင်းတွင် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အသီးသီးတို့က ဦးစီးပြီး လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်းကာ မိမိတို့ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အလိုက် မိမိတို့အစီအစဉ်ဖြင့်–

(က) လွတ်လပ်ရေးနေ့မတိုင်မီ စက်ရုံ၊ အလုပ်ရုံနှင့် ရုံးများ၊ ကျောင်းများတွင် အကြိုဟောပြောပွဲများ ပြုလုပ်ရန်၊

(ခ) နိုင်ငံတော်အလံ လွှင့်ထူရန်၊

(ဂ) နိုင်ငံတော် အလံတင်အခမ်းအနား ကျင်းပရန်၊

(ဃ) ပြည်နယ်/တိုင်း မြို့ကြီးများ၊ ခရိုင်များနှင့် မြို့နယ်များအလိုက် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ ပြပွဲများ ပြုလုပ်ရန်၊

(င) အများနှင့်သက်ဆိုင်သောရုံးများ၊ ကျောင်းများ၊ အဆောက်အအုံများ၊ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကျောက်တိုင်နှင့် ပန်းခြံများတွင် မီးရောင်စုံထွန်းညှိရန်။

– လွတ်လပ်ရေးနေ့မတိုင်မီ စက်ရုံ၊ အလုပ်ရုံနှင့် ရုံးများ၊ ကျောင်းများတွင် လွတ်လပ်ရေးနေ့အကြို ဟောပြောပွဲများကို ကျင်းပရန်၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများတွင် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များနှင့် စပ်လျဉ်းသည့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများ၊ ဉာဏ်စမ်းပဟေဠိဖြေဆိုပွဲများကို ကျင်းပရန်။

– အကြိုဟောပြောပွဲများ၊ ပြိုင်ပွဲများကျင်းပရာတွင် အမျိုးသားရေး ဦးတည်ချက်များကို အခြေခံ၍ နိုင်ငံတော်လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းစဉ်ကို နိုင်ငံသားတိုင်း သတိတရရှိစေရေး လှုပ်ရှားဆောင်ရွက်ရန်။

– နိုင်ငံတော်အလံတင်အခမ်းအနားကို နံနက် ၄ နာရီ မိနစ် ၂၀ တွင် ကျင်းပရန်နှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို နံနက် ၇ နာရီတွင် ကျင်းပရန်၊ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနား၌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌက ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားရန်။

– အများနှင့်သက်ဆိုင်သော ရုံးများ၊ ကျောင်းများ၊ အဆောက်အအုံများ၊ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ကျောက်တိုင်နှင့် ပန်းခြံများတွင် မီးရောင်စုံထွန်းညှိရန်။

– မြို့နယ်များ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများအလိုက် အားကစားပွဲများ၊ ပျော်ပွဲရွှင်ပွဲများနှင့် ပြပွဲပြိုင်ပွဲများကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၊ လူမှုရေးအသင်းအဖွဲ့များ အင်အားကိုရယူလျက် ကျယ်ပြန့်စွာ ကျင်းပရန်အတွက် ညွှန်ကြားသွားရန်ဖြစ်ကြောင်း။

– ပြန်ကြားရေးဆပ်ကော်မတီအနေဖြင့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် လွတ်လပ်ရေးအကြိုနှင့် လွတ်လပ်ရေးနေ့တွင် အသံလွှင့်ဇာတ်လမ်းများ၊ သမိုင်းဝင်တေးသီချင်းများ ထုတ်လွှင့်ရန်နှင့် စာနယ်ဇင်းများကလည်း ရေးသားလှုံ့ဆော်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ လုံခြုံရေးဆပ်ကော်မတီအနေဖြင့်လည်း လွတ်လပ်ရေးနေ့အခမ်းအနားများ ကျင်းပစဉ်အတွင်း လုံခြုံရေးအစီအမံများကို စနစ်တကျ စီမံချက်ရေးဆွဲပြီး ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ဆပ်ကော်မတီအသီးသီးတို့အနေဖြင့်လည်း မိမိတို့၏လုပ်ငန်းတာဝန်များကို စနစ်တကျ စီမံဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ၂၀၀၇ ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို တစ်ပြည်လုံးတွင် နိုင်ငံရေးအနှစ်သာရရှိရှိဖြင့် စည်ကားခမ်းနားစွာ ကျင်းပနိုင်ရေးအတွက် ဗဟိုကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့က တက်ညီလက်ညီဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီ အတွင်းရေးမှူး ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းက (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဝင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ဆပ်ကော်မတီအသီးသီးတို့မှ တာဝန်ရှိသူများက လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနား၊ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ သဝဏ်လွှာပြုစုရေး၊ လွတ်လပ်ရေးနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပရေး၊ လုံခြုံရေး၊ ပြန်ကြားရေး၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများတွင် စာစီစာကုံး၊ ကဗျာ၊ ဉာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများ ကျင်းပရေး၊ ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်များ၌ ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများ ကျင်းပရေး ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

နိုဝင်ဘာ ၁၄ ရက်က ကျိုက်လတ်မြို့နယ်အသင်း (ရန်ကုန်)မှ ကြီးမှူးကျင်းပသော အဋ္ဌမအကြိမ် အသက်(၆၅)နှစ်နှင့် အထက် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား အာစရိယ ပူဇော်ကန်တော့ပွဲကို ကျိုက်လတ်မြို့နယ် အထက(၂)တွင်ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးမောင်ညိမ်း ဂါရဝပြုနှုတ်ဆက်စကားပြောကြားစဉ်။ (၅၂၉)

ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၄

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် အ မ က (၈) မူလတန်းလွန်ကျောင်း၌ ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ကျန်းမာရေး အသိပညာပေး ဟောပြောပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ကျင်းပရာ ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးရွှေက ဘက်စုံဖွံ့ဖြိုးရေး၊ ပြုစုဆောင်ရွက်ပေးအစီအစဉ်ဆောင်ပုဒ်များနှင့် ပတ်သက်၍ ပညာပေး ဟောပြောသည်။ **(အောက်ပုံ)**ဆက်လက်၍ အာဟာရ နှင့် ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်၍ ဇဝနရပ်ကွက် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွင်း ရေးမှူး ဆရာမကြီး ဒေါ်အုံးတင်က ပညာပေး ဟောပြောသည်။ (၅၀၆)

အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၂၄

(၁၇)ကြိမ်မြောက် အထက ဖောင်တော်သီ၏ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဖောင်တော်သီ မြသီတာခန်းမ၌ကျင်းပမည်ဖြစ်သည်။

အလှူငွေများကို ဦးသိမ်းကြည် ဖုန်း–၀၉–၅၀၀၆၅၀၇၊ ဦးခင်ကျော် ဖုန်း–၀၉–၅၀၀၄၂၈၄၊ ဦးသိန်းဝင်း ဖုန်း–၀၉–၅၂၁၁၈၀၆(တောင်ကြီး) ဦးမောင်မြင့် ဖုန်း–၀၅၄–၂၇၄၆၆ (ရေတာရှည်)၊ ဦးမြင့်သိန်း ဖုန်း–၀၂–၆၆၉၄၇(မန္တလေး)တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။(က–ပ)

✻ ကချင်ပြည်နယ်မှ

ရှေးဦးစွာ မိုးကောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းစိန်၊ ဖားကန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ထွေး၊ မိုးညှင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်ထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှု အခြေအနေများကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ဒေသဖွံ့ဖြိုးတိုးတက်ရေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ဒေသတွင်း စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရေး၊ နှစ်ရှည်သီးနှံများ စိုက်ပျိုးရေး၊ လယ်ယာလုပ်ငန်းများတွင် လက်တွန်းလယ်ထွန်စက်၊ ရိတ်သိမ်းစက်၊ ခြွေလှေ့စက်များတိုးချဲ့ အသုံးပြုရေး၊ ကချင်ပြည်နယ်တွင် သယံဇာတ ပေါကြွယ်ဝသဖြင့် ဒေသစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်း များစွာရှိကြောင်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံ တိုင်းရင်းသား ပြည်သူများကိုယ်တိုင် ပါဝင်လုပ်ဆောင်မှသာ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်၍ ဒေသခံ တိုင်းရင်းသား ပြည်သူများအနေဖြင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်ပူးပေါင်း၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ဆေးဝါးများနှင့် ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၆သိန်းကို မိုးကောင်းမြို့နယ် ပြည်သူ့ဆေးရုံမှ ဒေါက်တာစိန်လင်းထံသို့ လည်းကောင်း၊ ကျောင်းဝတ်စုံများကို မိုးကောင်း မြို့နယ်ပညာရေးမှူး ဒေါ်ဝင်းကြည်ထံသို့ လည်းကောင်း ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး မိုးကောင်းမြို့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေး၍ မန္တလေး–ရွှေဘို–မြစ်ကြီးနားလမ်း၏ မိုးကောင်းမြို့နယ်ရှိ မိုးကောင်းတံတားသို့ ရောက်ရှိကာ ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မိုးကောင်းတပ်နယ်သို့ ရောက်ရှိကြပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံ၍ ပြည်သူ့အကျိုးပြု လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တပ်ရင်း/တပ်ဖွဲ့အလိုက် အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က အရာရှိ၊ စစ်သည် မိသားစုဝင်များအား ဆေးဝါးပစ္စည်းများကို ထောက်ပံ့ပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားသို့ဆက်လက်ထွက်ခွာလာရာ လွယ်ခေါ ကျေးရွာအနီးရှိ ဦးကရိုင်လဆန်နှင့် ဦးရှုဒေါင်ဘရန်နူးတို့၏ ကျွန်း၊ ပျဉ်းကတိုးစိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုကို ဝင်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါ ကျွန်း၊ပျဉ်းကတိုး စိုက်ခင်း ဧက ၁၅၀၀ တွင် ကျွန်းဧက ၆၀၀၊ ပျဉ်းကတိုး ဧက ၃၀ စိုက်ပျိုးပြီးဖြစ်၍ ကျန်ဧကများကို ဆက်လက် စိုက်ပျိုးသွားမည်ဖြစ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနား–ဝိုင်းမော်–ဝါရှောင်–ဆဒုံးလမ်း၏ ဝိုင်းမော်မြို့ရှိ မြစ်ကြီးနား–ဝိုင်းမော်–ချီဖွေ–ဇန်းမော်လမ်းဆုံသို့ ရောက်ရှိကြပြီး လမ်းပိုင်းအခြေအနေကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဝါရှောင်ရေလွှဲဆည်သို့ ရောက်ရှိ၍ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနား–ဝါရှောင်–ဆဒုံးလမ်းသစ်လမ်းဆုံသို့ ရောက်ရှိပြီး မြေသားလမ်း ဖောက်လုပ်ပြီးစီးမှုနှင့် ကျောက်ခင်းရန် ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနား–ဝိုင်းမော်–ဝါရှောင်–ဆဒုံး လမ်းသစ် လမ်းတစ်လျှောက်၌ မြေသားလမ်း ခင်းကျင်းပြီးစီးမှုနှင့် နန့်မောခချောင်း(နမော်ယံ) ကွန်ကရစ်တံတား တည်ဆောက်ပြီးစီးမှု၊ စက်ယန္တရားများဖြင့် မြေညှိလမ်းခင်း ကျောက်ကမ်းပါးယံ ဖြိုချဆောင်ရွက်မှုလုပ်ငန်း အခြေအနေများကို လည်းကောင်း၊ ဘွန်တောင်ကျေးရွာအနီး လမ်းခင်းနေမှုနှင့် နမ့်လမ်ချောင်း ကွန်ကရစ်တံတားတည်ဆောက်ပြီးစီးမှု၊ မြေထိန်းနံရံများ တည်ဆောက်ထားရှိမှုနှင့် ဆိုင်လော်ချောင်းကူး တံတားအခြေအနေတို့ကိုလည်းကောင်း၊ နမ့်လီခချောင်း ကွန်ကရစ်တံတား တည်ဆောက်ပြီးစီးမှုနှင့် နမ့်လီခချောင်း ရေစီးဆင်းမှု အခြေအနေတို့ကိုလည်းကောင်း၊ ဆဒုံးမြို့အဝင် လမ်းဖောက်လုပ်မှု၊ မြေထိန်းနံရံ တည်ဆောက်မှုနှင့် ဆဒုံးချောင်းကူး ကွန်ကရစ်တံတား အခြေအနေတို့ကို လည်းကောင်း၊ ဝိုင်းမော်–ဆဒုံးလမ်းသစ်နှင့် လမ်းဟောင်းဆုံရာ၌ ဌာနဆိုင်ရာရုံးများ ဆောက်လုပ်ရန် မြေနေရာရွေးချယ်ထားရှိမှုနှင့် ဆဒုံး–ကန်ပိုက်တီးလမ်း ဖောက်လုပ်ထားရှိမှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ တာဝန် ရှိသူများ၏ လိုက်လံရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားညွှန်ကြားပြီး ဆောင်ရွက်ပေးကာ ဆဒုံးမြို့တွင် ညအိပ်ရပ်နားကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၅–၁၁–၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ အကပြိုင်ပွဲ
၈း၀၀ ၆။ မိုးယွန်းကြီးရေထိန်းတံခါး
၈း၁၀ ၇။ အတီးပြိုင်ပွဲ
၈း၂၀ ၈။ တေးဂီတအစီအစဉ်
၈း၃၀ ၉။ International News.
၈း၄၅ ၁၀။ Grammar Made Easy.
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၅ ၂။ တေးဂီတအစီအစဉ်
၁၁း၃၀ ၃။ ပြည်တွင်းသတင်း
၁၁း၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂း၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၂၅ ၆။ ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
၁၂း၃၅ ၇။ **“မပြောမပြီး မတီးမမြည်” (နေရဲလင်း၊မောင်မောင်မြင့်၊ ရှင်ဖုန်း၊အိမ့်ချယ်၊မိုးဇော်၊ ခိုင်စုသွယ်) (ဒါရိုက်တာ–မောင်မောင်မြင့်)**
၁း၀၅ ၈။ သတ္တမအကြိမ်မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံ အကြောင်း သိကောင်းစရာ
၁း၂၀ ၉။ အဆိုပြိုင်ပွဲ
၁း၃၀ ၁၀။ ရင်းငြိမ်ရေထိန်းတံခါး
၁း၄၅ ၁၁။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၂း၀၀ ၁၂။ အတီးပြိုင်ပွဲ
၂း၁၅ ၁၃။ စစ်ကိုင်းတိုင်းပုထိုးလုံးတံတား
၂း၃၀ ၁၄။ **“အန္တရာယ်ကင်းစေ ဘေးရှင်းစေ” (လူမင်း၊ဟန်နီထွန်း) (ဒါရိုက်တာ–သက်တင်)**
၂း၄၅ ၁၅။ International News.
၃း၀၀ ၁၆။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ English for Every day Use.
၄း၄၀ ၄။ တေးဂီတအစီအစဉ်
၄း၅၀ ၅။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)**
၅း၀၅ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၅း၁၅ ၇။ နားဝင်ပီယံသူ့လက်သံ
၅း၂၅ ၈။ တေးဂီတအစီအစဉ်
၅း၃၅ ၉။ ချစ်စရာ့အရွယ်ကစားကြမယ်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၂။ အလှရှာမယ်လှကမ္ဘာဝယ်
၇း၀၀ ၁၃။ Discovery.
၇း၃၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ဟေမန်ဆောင်းရဲ့နေ့ရက်များ” (အပိုင်း–၂၇)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ “လှပသောနေ့ရက်များ” (အပိုင်း–၁)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တာချီလိတ်မြို့နှင့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့တို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့် မြန်မာ–ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၁)၏ အဝင်/ အထွက်ဂိတ်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❀ ကျောဖုံးမှ

ရှေးဦးစွာ တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်သန်းက တာချီလိတ်ခရိုင်နှင့် မြို့နယ်တို့၏ အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက မိမိတို့ ဌာနအလိုက် လုပ်ငန်းများ ဆောင်ရွက်မှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကိုလည်းကောင်း၊ စီးပွားရေးလုပ်ငန်းရှင်များက လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးပြီး အမှာစကား ပြောကြားရာတွင် တာချီလိတ်မြို့သည် နိုင်ငံတော်၏အရေးပါသော နယ်စပ်ဒေသ မြို့တစ်မြို့ဖြစ်ပြီး နှစ်နိုင်ငံမှ ပြည်သူများ ရောင်းဝယ်ဖောက်ကားမှု လုပ်ငန်းများဖြင့် တရားဝင် ကူးလူးဆက်ဆံ ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး ကဏ္ဍများတွင် များစွာအရေးပါပြီး အထောက်အကူပြုလျက်ရှိကြောင်း၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေ စည်းကမ်း စည်းမျဉ်းများနှင့် အညီဖြစ်စေရေး၊ ဌာနဆိုင်ရာအဆင့်ဆင့်တို့က စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း။

စိုက်ပျိုးရေးပိုင်းနှင့် ပတ်သက်၍ ဒေသဝမ်းစာ ဖူလုံပိုလျှံရေးအတွက် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်ပြီး ခေတ်မီနည်းစနစ်များဖြင့် ပန်းတိုင်အထွက်နှုန်းရရှိအောင် စီမံစိုက်ပျိုးရေး၊ စက်မှုကုန်ကြမ်းသီးနှံ နှစ်ရှည်ပင် ရော်ဘာ၊ လက်ဖက်နှင့် အထူးသီးနှံ ခြံစည်းရိုးကြက်ဆူပင်တို့ကို လည်းကောင်း၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ စသည့် မီးဖိုချောင်သုံး သီးနှံများကို လည်းကောင်း ဒေသအလိုက် တိုးချဲ့စိုက်ပျိုးကြရေးကို ဒေသအာဏာပိုင် အဖွဲ့အစည်းအဆင့်ဆင့်နှင့် ဌာနဆိုင်ရာများက စည်းရုံးဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ ဒေသအတွက် လိုအပ်သော စက်သုံးဆီ၏ အနည်းဆုံး ၄၀ ရာခိုင်နှုန်းခန့်ကို ခြံစည်းရိုးကြက်ဆူမှ ထုတ်လုပ်ရရှိသည့် ဇီဝဒီဇယ်ဆီနှင့် အစားထိုးဖြည့်ဆည်းသွားနိုင်ရေး၊ ကြက်ဆူဆီကြိတ်စက်များကိုလည်း အခြားနယ်မြေဒေသများနည်းတူ တည်ထောင်ပြီး စနစ်တကျ စီမံဆောင်ရွက်ထားရှိရေး မှာကြားလိုကြောင်း။

ဒေသခံ တိုင်းရင်းသားစီးပွားရေး လုပ်ငန်းရှင်များ တင်ပြသည့် လျှပ်စစ်ဓာတ်အား တိုးမြှင့်ရရှိနိုင်ရေးအတွက် တာချီလိတ်မြို့ပတ်ဝန်းကျင်ရှိ နန့်နမ်းချောင်းနှင့် မယ်ဟုတ်ချောင်းတို့မှ ရေအားလျှပ်စစ် ထုတ်ယူရရှိနိုင်ရေးနှင့် ပတ်သက်၍ ဌာနဆိုင်ရာများက နိုင်ငံတော်၏လမ်းညွှန်ချက်နှင့်အညီ ညှိနှိုင်းစီမံ တင်ပြဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

လူမှုရေးကဏ္ဍတွင် ပညာရေး၊ ကျန်းမာရေးအပိုင်း၌ အိမ်နီးနားချင်းနိုင်ငံများထက် အဆင့်အတန်းမြင့်မြင့်ဖြင့် နိုင်ငံတော်၏ အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်း၊ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းစဉ်များနှင့်အညီ အစဉ်တိုးတက်မြင့်မားနေအောင် အမျိုးသားရေးအမြင်ဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေး၊ ဒေသတွင်း မူးယစ်ဆေး လုံးဝကင်းစင်ပပျောက်ရေးအတွက် တာဝန်ရှိသူများက ဒေသခံတိုင်းရင်းသားများအား အသိပညာပေးခြင်းဖြင့် ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်ကြရေး၊ နိုင်ငံတော်က အားထားရသော ဘက်စုံပညာရည်ထူးချွန်ထက်မြက်ပြီး မှန်ကန်စွာ တွေးခေါ်မြော်မြင်တတ်သော နိုင်ငံ့မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာရေးအတွက် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် မိဘပြည်သူများက ဝိုင်းဝန်းပြုစု ပျိုးထောင်ပေးကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် တပ်မတော် အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မွန်းတည့် ၁၂ နာရီတွင် တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ တာချီလိတ်ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များအား တွေ့ဆုံမှာကြားသည်။

ရှေးဦးစွာ တာချီလိတ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိုးမြင့်က ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့၏ လုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆)က ချမှတ်လိုက်သည့် ရှေ့လုပ်ငန်းစဉ်များကို ထိရောက် ပီပြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ကြရေး၊ ဒေသခံ တိုင်းရင်းသားပြည်သူများ၏ ပြည်သူ့အကျိုးပြု လုပ်ငန်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ဒေသအာဏာပိုင် အဖွဲ့အစည်းအဆင့်ဆင့်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသား ပြည်သူများနှင့်အတူ လက်တွဲညီညီ ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်ကြရေးမှာကြားသည်။

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် တာချီလိတ်မြို့နှင့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့တို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့် မြန်မာ–ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၁)၏ အဝင်၊ အထွက်ဂိတ်သို့ သွားရောက်ကြပြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် နှစ်နိုင်ငံမှ ပြည်သူများအား နယ်စပ်ဖြတ်သန်းခွင့် လက်မှတ် ယာယီနယ်စပ်ဖြတ်သန်းခွင့် စိစစ်ခွင့်ပြုခြင်း အခြေအနေနှင့် ကွန်ပျူတာဖြင့် ဆောင်ရွက်သည့် e-Enterance စိစစ်ဆောင်ရွက်မှု အခြေအနေ၊ ရုံးအဆောက်အအုံ ဆောက်လုပ်မည့် မြေနေရာနှင့် ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ကြည့်ရှုစစ်ဆေးရာ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ဝင်းက လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ဌာနဆိုင်ရာ လုပ်ငန်းတာဝန်များကို ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ အမျိုးသားရေးအမြင်ဖြင့် တာဝန်သိသိ သစ္စာရှိရှိ ကြိုးပမ်းထမ်းဆောင်ကြရေး၊ တစ်ဖက်နိုင်ငံဘက်မှ လာရောက်ကြသည့် ဧည့်သည်များကို ယဉ်ကျေးပျူငှာစွာ ဆက်ဆံဆောင်ရွက်ပေးရေး၊တရားမဝင် သွားလာဝင်ထွက်မှု မရှိရေးအတွက် တာဝန်ရှိသည့် ဌာနဆိုင်ရာအသီးသီးက ပေါင်းစပ်ပြီး စနစ်တကျ ကြပ်မတ် ဆောင်ရွက်ကြရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် အဖွဲ့ဝင်များနှင့်အတူ တာချီလိတ်မြို့ရှိ ပြည်ထဲရေးဝန်ကြီးဌာန ယာယီမြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ခံ ရဲမှူးဝင်းကြည်က ထိုင်းနိုင်ငံသို့ တရားဝင်သွားရောက်လိုသော မြန်မာအလုပ်သမားများအား နိုဝင်ဘာ ၆ ရက်မှ စတင်၍ နေ့ချင်းပြီး နိုင်ငံကူးလက်မှတ် ထုတ်ပေးခြင်းနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဖြည့်စွက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ထိုင်းနိုင်ငံသို့ အမှန်တကယ် အလုပ်အကိုင်သွားရောက်လုပ်ကိုင်ကြမည့်သူများအား အဓိကထားပြီး နိုင်ငံကူးလက်မှတ်ကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ထုတ်ပေးသွားရေးနှင့် စည်းမျဉ်းစည်းကမ်းနှင့် ကိုက်ညီမှုမရှိသူများ ပါဝင်ခြင်းမရှိစေရေး တာဝန်ရှိသူတို့က အဆင့်ဆင့် ကြပ်မတ်စိစစ်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် တာချီလိတ်မြို့ရှိ နဂါးနှစ်ကောင်ကျောင်းတိုက်သို့ သွားရောက်၍ ပဓာနနာယက ဆရာတော် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ နဂါးနှစ်ကောင်ကျောင်း ဆရာတော် ဘဒ္ဒန္တ ဓမ္မသီရိအား ဖူးမြော်ကြည်ညို၍ သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် အဖွဲ့ဝင်များနှင့်အတူ တာချီလိတ်လေဆိပ်အနီး မြေ ၁၀ ဧက၌ အကောက်ခွန်ဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့တို့ စိုက်ပျိုးထားသည့် အောင်မြင်ဖြစ်ထွန်းနေသော ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းကို သွားရောက်ကြည့်ရှု စစ်ဆေးရာ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာရာ ညနေပိုင်းတွင် မိုင်းဖြတ်မြို့သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးလုပ်ငန်းစဉ်များကို တိုင်းရင်းသားပြည်သူများနှင့် လက်တွဲကြိုးပမ်း မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးတာဝန်များကို လက်ဆင့်ကမ်းထမ်းဆောင်နိုင်မည့် မျိုးဆက်သစ်ပေါ်ထွန်းလာရေး လေ့ကျင့်ပျိုးထောင်

နေပြည်တော် နိုဝင်ဘာ ၂၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် တပ်မတော်အရာရှိကြီးများလိုက်ပါလျက် နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် တာချီလိတ်တပ်နယ်ခန်းမ၌ တာချီလိတ်တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက အမှာစကားပြောကြားရာတွင် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်ရေး လုပ်ငန်းစဉ်များကို တိုင်းရင်းသား ပြည်သူများနှင့် အတူ လက်တွဲပြီး ကြိုးပမ်းဆောင်ရွက်သွားကြရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများမှာ တက်ညီလက်ညီ ပါဝင်ဆောင်ရွက်ကြရေး ရှင်းလင်းမှာကြားပြီး အရာရှိစစ်သည် မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များသည် တာချီလိတ်တပ်နယ်အတွင်းရှိ တပ်ရင်း တပ်ဖွဲ့များနှင့် မိသားစုများ စိုက်ပျိုးထားသည့် ခြံစည်းရိုးကြက်ဆူပင်နှင့် စက်မှုကုန်ကြမ်းသီးနှံ၊ နှစ်ရှည်ပင်ရော်ဘာ ပျိုးဥယျာဉ်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လိုအပ်သည်များ မှာကြားသည်။

တာချီလိတ်တပ်နယ်တွင် ခြံစည်းရိုးကြက်ဆူပင် ၁၂၀၀၀၀နှင့် ရော်ဘာပင် ၃၈၂၀၀ ပင် ပျိုးထောင်ထားရှိပြီဖြစ်ကြောင်းသိရှိရသည်။ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် တာချီလိတ်မြို့ရှိ တာချီလိတ်ခရိုင်ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ မောင်မောင်ယုနှင့် တာဝန်ရှိသူများက အထွေထွေရောဂါ စစ်ဆေးရေးဓာတ်ခွဲခန်း၊ ဆေးပစ္စည်းသိုလှောင်ခန်း၊ ခွဲစိတ်ဆောင်၊ အရိုးရောဂါကုသဆောင်၊ အမျိုးသား၊ အမျိုးသမီး ဆေးကုသဆောင်များကို လိုလ်လံရှင်းလင်းပြသရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တက်ရောက်ကုသမှု ခံယူနေကြသည့် ဒေသခံတိုင်းရင်းသားများအား စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တာချီလိတ်ခရိုင် ပြည်သူ့ဆေးရုံသို့ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပေးပို့လှူဒါန်းသည့် ဘတ်ငွေ ၁၈သိန်း ရှစ်သောင်း ရှစ်ထောင်တန်ဖိုးရှိ လူနာတင်ယာဉ်ကို ကြည့်ရှုစစ်ဆေးရာ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ မောင်မောင်ယုက ရှင်းလင်းပြသသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တာချီလိတ်ခရိုင် ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူနေကြသည့် ဒေသခံတိုင်းရင်းသားများအား စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့် ဆည်းပေးပြီး မှာကြားရာတွင် နယ်စပ်ဒေသရှိ တာချီလိတ်ခရိုင် ပြည်သူ့ဆေးရုံအနေဖြင့် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသော ဒေသခံတိုင်းရင်းသား ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးရာတွင် ပိုမိုထိရောက်သွက်လက်၍ တိုးတက်သော နည်းပညာများ၊ ခေတ်မီဆေးဝါးများဖြင့် ပြုစုကုသဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် တာချီလိတ်မြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျောင်း၏ သင်ကြားပို့ချမှု အခြေအနေ၊ သင်ကြားမှုသင်ယူမှု အထောက်အကူပြုခန်းများဖြင့် ပို့ချမှုအခြေအနေ၊ e-Education Learning Centre ပို့ချမှု အခြေအနေများကို တာဝန်ခံဆရာမကြီး ဒေါ်တင်ဝင်းရီက ရှင်းလင်းပြသသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးပြီး မှာကြားရာတွင် နိုင်ငံတော်၏ ရည်မှန်းချက်နှင့်အညီ ဒေသခံတိုင်းရင်းသား လူငယ်လူရွယ်များ ဘက်စုံပညာရည် ဖွံ့ဖြိုးတိုးတက်မြင့်မားရေး၊ နိုင်ငံတော်က အားထားရပြီး မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေး တာဝန်များကို လက်ဆင့်ကမ်းထမ်းဆောင်နိုင်မည့် နိုင်ငံ့မျိုးဆက်သစ်သားကောင်းရတနာ ပေါ်ထွန်းလာရေး စေတနာထားကာ ဝိုင်းဝန်းကြိုးပမ်းလေ့ကျင့်ပျိုးထောင် ပေးကြစေလိုကြောင်း။

အမျိုးသား ပညာရည်မြင့်မားရေး လုပ်ငန်းစဉ်များ ထိရောက်အောင်မြင်အောင် တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ကြပါရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် တာချီလိတ်မြို့ ဆန်ဆိုင်း အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ဆရာကြီး ဦးအတူးက သင်ကြားပို့ချမှု အခြေအနေ၊ သင်ထောက်ကူပစ္စည်းများဖြင့် ကျောင်းသူ၊ ကျောင်းသားများအား e-Education Learning Centre ပို့ချမှု အခြေအနေ စသည်တို့ကို ရှင်းလင်းပြသရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးပြီး အောင်ချက်နှုန်း တိုးတက်မြင့်မားအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ ဆန်ဆိုင်း အခြေခံပညာ အထက်တန်းကျောင်းသည် တာချီလိတ်မြို့ ဆန်ဆိုင်းရပ်ကွက် တာချီလိတ်-ကျိုင်းတုံလမ်းတွင် တည်ရှိပြီး ၁၉၇၇ ခုနှစ် ဇွန်လ ၁ ရက်မှ စတင်၍ အခြေခံပညာမူလတန်းကျောင်း၊ ၁၉၉၀ ပြည့်နှစ် ဇွန်လ ၁ ရက်တွင် အခြေခံပညာ အလယ်တန်းကျောင်း ၂၀၀၃ ခုနှစ် ဇွန်လ ၂၀ ရက်တွင် အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်ဆင့် တိုးမြှင့်ဖွင့်လှစ်လာခဲ့သည်။ ယခုအခါ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၆၀၀ ကျော်တို့အား ပညာသင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

တာချီလိတ်မြို့ ဆန်ဆိုင်း အခြေခံပညာအထက်တန်းကျောင်းကို ၁၉၉၀-၁၉၉၁ ပညာသင်နှစ်မှ ၂၀၀၀-၂၀၀၁ ပညာသင်နှစ်အတွင်း၌ တာချီလိတ်မြို့ နဂါးနှစ်ကောင် ဆရာတော်ကြီးက ကျောင်းဆောင်အမှတ် (၂)၊ အမှတ်(၃) နှင့် အမှတ်(၄) နှစ်ထပ်ကျောင်းဆောင်ကြီးတို့ကို တန်ဖိုးငွေကျပ်သိန်း ၁၁၄၀၀ ကျော်ဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များသည် တာချီလိတ်မြို့၏ သန့်ရှင်းသပ်ရပ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ (မြောက်ပိုင်း)နှင့် (တောင်ပိုင်း) တို့၌ ဘိန်းခင်းများ ဖျက်ဆီး

ရန်ကုန် နိုဝင်ဘာ ၂၄

၂၀၀၆ခုနှစ် နိုဝင်ဘာ ၁၁ရက်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငြိမ်းထွေး ဦးစီး၍ မိုင်းခတ်ရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းခတ်မြို့နယ် မိုင်းဟန်ကျေးရွာအုပ်စု၊ ဖားငန်ကျေးရွာ၊ ဝမ်မဟီးကျေးရွာတို့၌ ဘိန်းခင်း ၂ ဒသမ ၅ ဧက ကိုလည်းကောင်း၊ နိုဝင်ဘာ ၁၆ရက်မှ ၁၉ရက်အထိ နယ်မြေခံတပ်နယ်မှ တပ်မတော်သားများ၊ ကျိုင်းတုံမူးယစ်အထူးအဖွဲ့၊ မိုင်းပျဉ်းရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းပျဉ်းမြို့နယ် နားလင်းကျေးရွာ၊ ဝမ်ကုန်းကျေးရွာ၊ ဝမ်ကန်ကျေးရွာ၊ ဝမ်ခွန်ကျေးရွာ၊ ကုန်းဆာကျေးရွာတို့တွင် ဘိန်းခင်း ၄၂ဒသမ ၅ ဧကကိုလည်းကောင်း ဖျက်ဆီးခဲ့ကြသည်။

၂၀၀၆-၂၀၀၇ ခုနှစ် ဘိန်းစိုက် ရာသီအတွင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ဘိန်းခင်း ၄၅ဧက၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဘိန်းခင်း ၁၄၈ ဒသမ ၁၇ ဧက၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ဘိန်းခင်း ၁၇၂၃ ဒသမ ၅ဧက စုစုပေါင်း ဘိန်းခင်း ၁၉၁၆ ဒသမ ၆၇ ဧက၊ ၇၇၅ ဒသမ ၃၇ ဟက်တာ ဖျက်ဆီးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးဝင်းအတွင်း ကတ္တရာလမ်းခင်းရန်အတွက် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြရာ မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာဦးမောင်ဝင်း လက်ခံစဉ်။ (သတင်းစဉ်)

မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး ကတ္တရာလမ်းခင်းရန် အလှူငွေများပေးအပ်လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၂၄

မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးဝင်းအတွင်းရှိ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများကို ၂၀၀၆ ခုနှစ် အောက်တိုဘာ ၂၃ ရက်မှ စတင်၍ စတင်ဆောင်ရွက် လျက်ရှိသဖြင့် စေတနာရှင်အလှူရှင်များ စဉ်ဆက်မပြတ် လာရောက်၍ ကုသိုလ်ပါဝင်လှူဒါန်းလျက်ရှိရာ နိုဝင်ဘာ ၇ ရက်တွင် ဦးမောင်မောင် - ဒေါ်ခင်စန်းရီတို့အား အမှူးထား၍ မြို့တော်ဆေးရုံနှင့် ညိမ်းအထူးကုဆေးခန်းမိသားစုက ငွေကျပ် ၁၀သိန်း၊ ဦးတင်မောင်- ဒေါ်နန်းလှစိန် နန်းတော်အထူးကု ဆေးခန်းမိသားစုက ငွေကျပ်ငါးသိန်း၊ ဒေါက်တာမြမောင်- ဒေါ်ဝင်းမေ သား ကိုကျော်စွာဝင်း တော်ဝင်စိန်တိုက်က ငွေကျပ်တစ်သိန်း၊ မန္တလေး အထွေထွေ ရောဂါကု ဆေးရုံကြီး ဖျားနာကုသဆောင် (၁)မှ ဆရာဝန် ဆရာမများက ငွေကျပ် တစ်သိန်း၊ မန္တလေးအထွေထွေ ရောဂါကုဆေးရုံကြီးမှ သူနာပြုဆရာမများက ငွေကျပ် ၁၁၆၅၀၀၊ ဦးအေးကြီး ဒေါ်သိန်းသိန်းဝေ မိသားစုက ငွေကျပ်ငါးသောင်း၊ အငြိမ်းစားသူနာပြု ဦးမြင့်အောင်-ဒေါ်ကြင်ကြင်ဝင်း မိသားစုက ငွေကျပ်ငါးသောင်း၊ အသည်းနှင့်ရင်ခေါင်းဆေးကုဌာနမှ သူနာပြုဆရာ ဆရာမများက ငွေကျပ်တစ်သောင်း၊ ဦးမောင်မောင်-ဒေါ်မြစန်းကြူ မိသားစုက ငွေကျပ် ၁၅၀၀၀၊ မကြွယ်ကြွယ်အား ရည်စူး၍ ညီမ မငယ်ငယ်က ငွေကျပ်တစ်သောင်း တို့ကိုလည်းကောင်း၊ နိုဝင်ဘာ ၈ ရက်တွင် ဦးခင်မောင်ညို-ဒေါ်ရီရီကျော်၊ သား ညီလင်းညို မိသားစုတို့က ငွေကျပ် ၁၅သိန်း၊ မန္တလေးဆေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဦးကျော်လှ-ဇနီး ဒေါ်စိုးစိုးမာ မိသားစုက ငွေကျပ်သုံးသိန်း၊ ပါမောက္ခ ဒေါက်တာ ဦးသံစစ်မိသားစုက ငွေကျပ်နှစ်သိန်း၊ မန္တလေး ဆေးတက္ကသိုလ် မော်ကွန်းထိန်း ဒေါ်နွယ်နွယ်ဝင်းက ငွေကျပ်တစ်သိန်း၊ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးစံရွှေဝင်း ဇနီး ဒေါ်သင်းသင်းရွှေ မိသားစု (နေပြည်တော်)က ငွေကျပ်ငါးသောင်းတို့အား မန္တလေး အထွေထွေရောဂါကု ဆေးရုံကြီး ဆေးရုံအုပ်ကြီးရုံးခန်းသို့ လာရောက်လှူဒါန်းကြရာ ဆေးရုံအုပ်ကြီးဒေါက်တာ ဦးမောင်ဝင်းနှင့် တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါ ကတ္တရာလမ်း၏ အကျယ်မှာ ၁၆ ပေရှိပြီး အလျားပေ ၂၅၀၀ ရှိရာ ကတ္တရာခင်းခြင်းအတွက် စုစုပေါင်း ငွေကျပ်သိန်း ၂၃၀ ကုန်ကျမည်ဖြစ်သည်။ ကုသိုလ်ပါဝင် လှူဒါန်းလိုသော စေတနာရှင် အလှူရှင်များသည် ဆေးရုံအုပ်ကြီးရုံးခန်း ဖုန်း-၀၂-၃၉၀၀၇နှင့် ၃၉၀၂၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား (၁)ရပ်ကွက်၊ ကမ္ဘောဇလမ်း သုခရိပ်ငြိမ်နေ ဒေါက်တာသန်းဝင်း- ဒေါ်အေးသီတာဝင်း၊ (သမီး) မခင်သီတာဝင်း မိသားစုတို့က သုံးထပ်ဘိုးဘွားဆောင်သစ်ကြီး တည်ဆောက်ရန် အတွက် ငွေကျပ် ၂၅ သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန် (ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ရေနံအစမ်းတွင်းများ တူးဖော်စမ်းသပ်နေစဉ် ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

ရန်ကုန် နိုဝင်ဘာ ၂၄

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် (M-9) တွင် ရေနံအစမ်းတွင်း တူးဖော်စမ်းသပ်ခြင်းလုပ်ငန်းများကို ရေနံတွင်းတူးစက် Doo Sung ဖြင့် ၂၀၀၆ ခုနှစ် နိုဝင်ဘာ ၂၈ရက်မှ ၂၀၀၇ခုနှစ် ဇူလိုင် ၃၁ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

ရေနံအစမ်းတွင်းများ စမ်းသပ်တူးဖော်မည့် တည်နေရာနှင့်အချိန်ကာလများမှာ Zawtika-1A အစမ်းတွင်း မြောက်လတ္တီတွဒ် ၁၄ဒီဂရီ ၀၈မိနစ် ၃၆စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ ၅၁မိနစ် ၂၅စက္ကန့်တွင် ၂၈-၁၁-၂၀၀၆ ရက်မှ ၃၁-၁၂-၂၀၀၆ ရက်အထိလည်းကောင်း၊ Zawtika-2အစမ်းတွင်း မြောက်လတ္တီတွဒ် ၁၄ဒီဂရီ ၀၁မိနစ် ၄၃စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ ၄၉မိနစ် ၂၄စက္ကန့်တွင် ၁-၁-၂၀၀၇ရက်မှ ၁၄-၂-၂၀၀၇ရက်အထိလည်းကောင်း၊ Prospect-063 အစမ်းတွင်း မြောက်လတ္တီတွဒ် ၁၄ဒီဂရီ ၂၇မိနစ် ၄၈စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ ၅၃မိနစ် ၀၀စက္ကန့်တွင် ၁၅-၃-၂၀၀၇ ရက်မှ ၁၄-၄-၂၀၀၇ ရက်အထိလည်းကောင်း၊ Prospect C-010 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၄ မိနစ် ၂၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၁ မိနစ် ၂၄ စက္ကန့်တွင် ၁၅-၂-၂၀၀၇ ရက်မှ ၁၄-၃-၂၀၀၇ ရက်အထိဖြစ်သည်။

ထို့ကြောင့် ရေနံတွင်းတူးစက် Doo Sung ဖြင့် ရေနံအစမ်းတွင်းများ စမ်းသပ်တူးဖော်နေစဉ်ကာလအတွင်း လုံခြုံမှုနှင့် ဘေးအန္တရာယ်မရှိစေရေးနှင့် ရေနံတွင်းတူးစင် ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် ရေနံတွင်းတူးစက်မှ (၄)ကီလိုမီတာအတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းများ မပြုလုပ်ကြရန် အသိပေးကြေညာထားကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

မြစ်ကြီးနားမြို့နယ်အသင်း (ရန်ကုန်) ၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို နိုဝင်ဘာ ၄ ရက်က ရွှေတိဂုံဘုရားတောင်ဘက်မုခ်ရှိ ကျောက်စိမ်းမွှောရုံ၌ကျင်းပရာ အသင်းနာယက ဗိုလ်မှူးကြီးငွေထွန်း(ငြိမ်း)က ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ခြောက်ဘာသာဂုဏ်ထူးရှင် မောင်ရဲရင့်နိုင်အား ပညာရည်ချွန်ဆုချီးမြှင့်စဉ်။ (ပညာရေး)

ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေး ရက်သတ္တပတ်

(၁-၁၂-၂၀၀၆)မှ (၇-၁၂-၂၀၀၆)

World AIDS Campaign
(1-12-2006 – 7-12-2006)

အေအိုင်ဒီအက်စ် တိုက်ဖျက်ဖို့ အားလုံးပါဝင်ဆောင်ရွက်စို့

"Stop AIDS, Keep The Promise"

ကျန်းမာရေးဝန်ကြီးဌာန

ရန်ကင်း ပြည်သာယာ(တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိုက်န်းကုသိုလ်ဖြစ်ဆေးခန်းအတွက် ဗဟန်း ဥယျာဉ်လမ်းနေ ဒေါ်လှတင် မိသားစုက အလှူတော်ငွေ ကျပ်သုံးသိန်းလှူဒါန်းရာ ရွှေပြည်ဟိုက်န်းဆရာတော် (သီတဂူကြာတစ်ပွင့်) အရှင်ခေမာသိရီလင်္ကာရက ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်စဉ်။ (၅၃၅)

ပြည်တွင်း လူမှုရေးအသင်းအဖွဲ့ဝင်များ မြောင်းမြအကျဉ်းထောင်သို့ ကြည့်ရှုလေ့လာ အစားအသောက်၊ အဝတ်အထည်နှင့် ဆေးဝါးလှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၂၄

ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များသည် မြောင်းမြအကျဉ်းထောင်သို့ နိုဝင်ဘာ ၁၇ ရက် နံနက် ၉နာရီခွဲတွင် သွားရောက်၍ အမျိုးသမီးဆောင်၊ ထောင်ကျဆောင်၊ အချုပ်ဆောင်နှင့် ဆေးရုံဆောင်များကို ကြည့်ရှုလေ့လာကြပြီး အကျဉ်းသား၊အကျဉ်းသူများကို အားပေးစကား ပြောကြားခြင်း၊ အကျဉ်းသား၊အကျဉ်းသူများ၏ မိသားစုများထံ စာရေးသားဆက်သွယ်နိုင်ရန် လိုအပ်သည်များကို ကူညီပေးခြင်း၊ ငွေကျပ် ၁၁၀၀၀၀တန်ဖိုးရှိ အစားအသောက် အဝတ်အထည်နှင့် ဆေးဝါးများလှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခါးပိုက်နှိုက်တရားခံ သန်းဇော်ဌေးအား ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများပူးပေါင်းဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၄

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းမီးပွိုင့်အနီး၌ နိုဝင်ဘာ ၂၀ရက်နံနက်ပိုင်းတွင် ခါးပိုက်နှိုက်တရားခံတစ်ဦးအား သက်သေခံပစ္စည်း များနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်းသိရှိရသည်။

အကူအညီတောင်းခံ

ဖြစ်ပွားပုံမှာ နိုဝင်ဘာ ၂၀ရက်နံနက် ၉နာရီ ၄၅မိနစ်တွင် မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း မီးပွိုင့်၌ အမှတ်(၈၀)သန်မြန်သူမော်တော်ယာဉ်ပေါ်မှ ခါးပိုက်နှိုက်တစ်ဦး ပြေးဆင်းသွားသဖြင့် ခရီးသည်များက အော်ဟစ်အကူအညီတောင်းခံမှုကြောင့် ကမ္ဘာအေးစေတီ လမ်းမီးပွိုင့်အနီး တာဝန်ထမ်းဆောင်နေကြသော ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများက ပူးပေါင်း၍ အဆိုပါခါးပိုက်နှိုက်အား ဖမ်းဆီးခဲ့ကြသည်။

အမှုဖွင့်အရေးယူ

ခါးပိုက်နှိုက်တရားခံမှာ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ဝါဝါဝင်းရပ်ကွက်၊ မင်္ဂလာသုခလမ်းနေ သန်းဇော်ဌေး အသက်(၂၂)နှစ်ဆိုသူဖြစ်ပြီး တရားခံထံမှ ခါးပိုက်နှိုက်ထားသည့် ငွေကျပ် ၂၀၀၀၀နှင့် အရိုးအသွား ၁၀လက်မခန့်ရှိ စကေဘာတစ်ချောင်းတို့ကို သိမ်းဆည်းရမိခဲ့ကြောင်းနှင့် တရားခံအား ထိရောက်သော ပြစ်ဒဏ်ချမှတ်နိုင်ရေးအတွက် မရမ်းကုန်းမြို့နယ်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ခုနှစ်၊ နိုဝင်ဘာလအတွက်
နောက်ဆုံးပတ်(တနင်္ဂနွေနေ့)
(၂၆-၁၁-၂၀၀၆)ရက်နေ့
၂၀၀၆ခုနှစ် ဒီဇင်ဘာလအတွက်
(၁၀-၁၂-၂၀၀၆)ရက်နေ့နှင့်
(၃၁-၁၂-၂၀၀၆)ရက်နေ့

ထူးထူးခြားခြားအင်တာနက်သတင်း

ဘရာဇီးမှ ကြောင်မက ခွေးငယ်များ မွေးဖွားဟုဆို ဟုတ်မဟုတ် မှန်မမှန် သိပ္ပံနည်းကျစစ်ဆေးမည်

ပေကျင်း နိုဝင်ဘာ ၂၄

တောင်အမေရိကတိုက်ရှိ ဘရာဇီးနိုင်ငံ ပါဆိုဖန်ဒိုမြို့ရှိ ကြောင်မတစ်ကောင်က ခွေးကလေးများ မွေးဖွားလာသည်ဆိုသောသတင်းကို ဒေသခံမီဒီယာများက လွန်ခဲ့သောရက်ပိုင်းအတွင်းက ဖော်ပြခဲ့ကြသည်။

အားလုံးသေဆုံး

ထိုခွေးကလေးများမှာ ကာစီယာ အာဖာရီဆီဒါ ဒီဇူဇာဆိုသူ အသက်(၁၈)နှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦးပိုင်ဆိုင်သော မီမီဆိုသည့် ကြောင်မကလေးမှ မွေးဖွားလာခြင်းဖြစ်သည်ဟု ဆိုသည်။ ထိုကြောင်မကလေးသည် ခွေးကလေးသုံးကောင်နှင့် ကြောင်ကလေးသုံးကောင်ကို သားပေါက်ခဲ့သည်။ ယင်းသားပေါက်ကလေးအားလုံးမှာ ဆက်လက်အသက်မရှင်ဘဲ သေဆုံးခဲ့ကြသည်။

ကြောင်မကလေးမှ ခွေးကလေးများ မွေးသည်ဆိုသောကိစ္စ အမှန်တကယ်ဟုတ်မဟုတ် သေချာစွာဖော်ထုတ်နိုင်ရန် စစ်ဆေးမှုပြုလုပ်သင့်ကြောင်း ဒေသခံမီဒီယာများက တိုက်တွန်းခဲ့ကြသည်။

စစ်ဆေးမှုများပြုနေ

ယခုအခါ ထိုကိစ္စကို ဖော်ထုတ်နိုင်ရန် ပါဆိုဖန်ဒိုမြို့ရှိ တက္ကသိုလ်၏ ဇီဝသိပ္ပံဌာနမှ ညွှန်ကြားရေးမှူးက ခွေးကလေးများ၏ သွေးနမူနာကိုရယူကာ သိပ္ပံဆိုင်ရာ စစ်ဆေးမှုများပြုလုပ်နေပြီဖြစ်သည်။

အကယ်၍ ယင်းသတ္တဝါကလေးများသည် ခွေးအစစ်များသာဖြစ်ပါက ယင်းတို့ထံမှ ရယူထားသော နမူနာသွေးဆဲလ်များ၌ ခရိုမိုဆုန်းခေါ် ဓာတ်ပစ္စည်း ၇၈ မျိုး ပါဝင်နေသည်ကို စစ်ဆေးတွေ့ရှိရမည်ဖြစ်သည်။ ကြောင်ကလေးများသာဖြစ်နေပါက ထိုသွေးနမူနာများတွင် ခရိုမိုဆုန်းဓာတ် ၃၈ ခုသာ ပါရှိသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း မျိုးဗီဇသိပ္ပံပညာရှင် အဒေယလ်ပါချီကိုက ပြောကြားသည်။ ထိုသို့စမ်းသပ်ကြည့်ခြင်းအားဖြင့် ကြောင်မကလေး မီမီသည် ခွေးကလေးများ၏ မိခင်အရင်းဟုတ်မဟုတ် ဖော်ထုတ်သိရှိနိုင်မည်ဟု ဆိုသည်။

သာမန်အားဖြင့်ဆိုပါက နို့တိုက်သတ္တဝါမျိုးများသည် အခြားသောမျိုးကွဲသတ္တဝါများမှ ကလေးငယ်များကို ပြုစုစောင့်ရှောက်သည့် အလေ့အထမျိုး အလွန်တွေ့ရရန်ခဲယဉ်းသည်ဟု ပါချီကိုက ပြောကြားသည်။ ***အင်တာနက်***

ဘရာဇီးနိုင်ငံမှ ကြောင်မလေးမီမီအား ၎င်းမွေးဖွားသည်ဆိုသော ခွေးကလေးနှစ်ကောင်နှင့်အတူ တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မရမ်းကုန်းမြို့နယ်တွင် မီးလောင်မှုဖြစ်ပွား

ရန်ကုန် နိုဝင်ဘာ ၂၄

ယနေ့နံနက် ၄နာရီ ၃၅မိနစ်တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်းနှင့် သမိုင်းလမ်းဆုံရှိ တပ်မတော်မိုးရေကာဖျင်စက်ရုံ အပြင်ဝင်းရှိ ဦးမြင့်ဦး၏ ဝန်ထမ်းသက်သာ ဂွမ်းဖတ်စက်ရုံ၌ ဂွမ်းဖတ်ကြိတ်ရာမှ ရိုလာအပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ မီးသတ်ဦးစီးဌာနချုပ်မှ အရာရှိကြီးများက အနီးကပ်ကြီးကြပ်၍ သန္ဓေ/အရန် မီးသတ်တပ်ဖွဲ့ဝင် ၂၂ဦးတို့က ငြိမ်းသတ်ခဲ့ကြသည်။ မီးလောင်မှုကြောင့် ဂွမ်းဖတ်စက်ရုံနှင့် စက်ပစ္စည်းများ မီးလောင်ခံရပြီး ငွေကျပ်တစ်ဆယ့်ရှစ်သိန်းငါးသောင်းဖိုးခန့် ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ

၂၄-၁၁-၂၀၀၆

ဟားခါး	-	၃ ဒီဂရီစင်တီဂရိတ်
ပင်လောင်း	-	၄ ဒီဂရီစင်တီဂရိတ်

ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်

မန္တလေးမြို့ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်အတွက် နှစ်ဖက်မိဘများကို ရည်စူးအမှူးထား၍ ဦးတင်ထွေး-ဒေါ်သိန်းခင်(ဆန်းကိုကို ဘီစကစ်) သားသမီးမြေးတစ်စုက အလှူငွေ ကျပ် ၁၁၀၀၀၀ လှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင်ဥက္ကဋ္ဌ ဆရာတော် အရှင်ရာဇိန္ဒက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်စဉ်။ (က-ပ)

တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပြိုင်ပွဲများ ဆက်လက်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၄

၂၀၀၆ခုနှစ် (၄၅) ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်ထားသည့် အားကစားပြိုင်ကွင်းများ၌ ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပသည်။

(က)အုပ်စု ရတခဇုန်(မော်လမြိုင်)၌ တပ်မတော်(ရေ)အသင်းက အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ (ခ)အုပ်စု နတခဇုန် (ပုသိမ်)၌ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ်အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ဂ)အုပ်စု တပခဇုန် (တောင်ငူ)၌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အသင်းကို နှစ်ဂိုး-ဂိုးမရှိ ဖြင့်လည်းကောင်း၊ (ဃ)အုပ်စု လပခဇုန်(မန္တလေး)၌ တပ်မတော်(လေ)အသင်းက အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (င)အုပ်စု ရကတဇုန်(ရန်ကုန်)၌ နေပြည်တော်တိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ လုပ်ငန်းများကွင်းဆင်းစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် နိုဝင်ဘာ ၂၁ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းကျော်မျိုးတို့ လိုက်ပါလျက် မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ထားပြီးသော အုတ်တွင်း-စီတုန်း ကျေးလက်ဂဝံလမ်းကို သွားရောက်စစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မင်းလှမြို့နယ် တာကလေးကျေးရွာတွင် စည်ပင်သာယာရေးအဖွဲ့မှ ရွာသူ၊ ရွာသားများ သောက်သုံးရန်အတွက် ပြုပြင်ထိန်းသိမ်းထားသည့် သောက်သုံးရေတွင်းကို စစ်ဆေးပြီး ရေတွင်းပတ်လည် ရေမဝပ်စေရေးနှင့် ရေအရည်အသွေး စစ်ဆေးပေးရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် လက်ပံတန်းမြို့နယ်အတွင်းရှိ အုတ်ဖိုစုကျေးရွာနှင့်ရေငံကျေးရွာသို့ ဆက်သွယ်သော ကျေးလက်ရေငံတံတား ပြုပြင်တည်ဆောက်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ရှောင်လေဝေးဝေး မူးယစ်ဆေး

အင်တာနက် အားကစားသတင်းများ

ကမ္ဘာ့ထိပ်တန်းအသင်း ချယ်လ်ဆီးဖြစ်လာမည်ဟုဆို

လန်ဒန် နိုဝင်ဘာ ၂၄

မိမိတို့၏ချယ်လ်ဆီးအသင်းသည် မန်ချက်စတာယူနိုက်တက်အသင်းကို ကျော်ဖြတ်နိုင်သည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိနေကြောင်း၊ အနာဂတ်ကာလတွင် ကမ္ဘာ့ထိပ်တန်းအသင်းကြီးအဖြစ် ရပ်တည်လာမည်ဖြစ်ကြောင်း ယင်းအသင်း၏ အမှုဆောင် အရာရှိချုပ် ပီတာကင်ယွန်က ယနေ့ ပြောကြားသည်။

ချယ်လ်ဆီးအသင်းသည် ၂၀၁၄ ခုနှစ်ထက်နောက်မကျဘဲ နိုင်ငံတကာ၏ အသိအမှတ်ပြုခံရသည့် ကမ္ဘာ့ထိပ်တန်းအသင်းအဖြစ်သို့ ရောက်ရှိလာမည်ဟု မိမိမျှော်လင့်ကြောင်း ၎င်းက ပြောကြားသည်။ ***အင်တာနက်။***

ဒီရာဆူးအားခေါ်ယူရန် ဘော်လ်တန်အသင်း စိတ်ဝင်စား

လန်ဒန် နိုဝင်ဘာ ၂၄

အင်္ဂလိပ် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲဝင် ဘော်လ်တန်အသင်းသည် ပြင်သစ်လူမျိုး နိုင်ငံတကာဘောလုံးသမား ဗီကက်ရှ်ဒီရာဆူးအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း ယနေ့အင်တာနက်သတင်းတွင် ဖော်ပြသည်။

ပါရီစိန့်ဂျာမိန်းအသင်းတွင် ပါဝင်ကစားခဲ့သူ ဒီရာဆူးသည် ယခုလောလောဆယ်တွင် မည်သည့်ဘောလုံးကလပ်အသင်းတွင်မျှ ပါဝင်ခြင်းမရှိပေ။

၂၀၀၆ ခုနှစ် ဖီဖာကမ္ဘာ့ဖလား ဘောလုံးဗိုလ်လုပွဲတွင် ပြင်သစ်လက်ရွေးစင်အသင်းမှ ပါဝင်ကစားခဲ့သူ ဒီရာဆူးသည် ၂၀၀၄-၂၀၀၅ ဘောလုံးရာသီတွင် အေစီမီလန်အသင်း၌ ပါဝင်ကစားခဲ့သည်။ ဒီရာဆူးသည် ပြင်သစ်လက်ရွေးစင်အသင်းတွင် ၁၉၉၉ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ပါဝင်ကစားစဉ်ကာလအတွင်း နိုင်ငံတကာပွဲပေါင်း ၁၈ ပွဲတွင် ပါဝင်ကစားခဲ့သည်။

ဒီရာဆူးအား ဘော်လ်တန်အသင်းကသာမက အခြားသော ဘောလုံးအသင်းများကလည်း ခေါ်ယူရန် စိတ်ဝင်စားကြောင်း ၎င်း၏ အကျိုးဆောင်ကိုယ်စားလှယ်က ပြောကြားသည်။ ***အင်တာနက်။***



နိုဝင်ဘာ ၂၃ရက်က ကျင်းပသည့် ယူအီးအက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲတွင် နယူးကာဆယ်အသင်းမှ ဂျိမ်းစ်မီလ်နာ (ယာ) ခြေတွင်ရှိနေသော ဘောလုံးကို ဆယ်လ်တာဗီဂိုအသင်းမှ ဒီဂိုရော်ဒိုဖိုက ဖျက်ထုတ်ရန် ကြိုးပမ်းစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ယူအီးအက်ဖ်အေဖလားပွဲ နယူးကာဆယ်အနိုင်ရ

လန်ဒန် နိုဝင်ဘာ ၂၄

ယူအီးအက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲအုပ်စုပွဲစဉ်ကို နိုဝင်ဘာ ၂၃ရက်ကကျင်းပရာ နယူးကာဆယ်အသင်းက ဆယ်လ်တာဗီဂိုအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိသည်။

ပွဲချိန် ၉မိနစ်တွင် ဆယ်လ်တာဗီဂိုအသင်းမှ ကန်နီဘီယိုက အဦးဆုံးဂိုးသွင်းနိုင်ခဲ့သော်လည်း ပွဲချိန် ၃၇မိနစ်တွင် နယူးကာဆယ်အသင်းမှ ဆီဘာစကီးက ချေပဂိုးသွင်းယူနိုင်သည်။ နယူးကာဆယ်အသင်း၏အနိုင်ဂိုးကို ပွဲချိန် ၈၆ မိနစ်တွင် စတီဗင်တေလာက သွင်းယူသည်။

နယူးကာဆယ်အသင်းသည် ၎င်း၏အိမ်ကွင်း စိန့်ဂျိမ်းစ်ပါ့ခ်တွင် အနိုင်ရရှိခဲ့ပြီးနောက် အုပ်စုအဆင့်ကို လွန်မြောက်ကာ ရှုံးထွက်အဆင့်သို့ တက်လှမ်းနိုင်ပြီဖြစ်သည်။ ***အင်တာနက်။***

ပြည်သူ့ထံမှပေးစာ

လေးကောင်ဂျင်လောင်းကစားဝိုင်းအား အရေးယူစေလို

စာတည်းခင်ဗျား-

မကွေးတိုင်း ချောက်မြို့နယ် ဝွေးပင်ကွက်သစ် ကျေးရွာမြောက်ပိုင်း ကတ္တရာလမ်းမကြီး၏ အနောက်ဘက်ရှိ အိမ်တစ်အိမ်တွင် လေးကောင်ဂျင် လောင်းကစားဝိုင်းများ နေ့စဉ်ပြုလုပ်လျက်ရှိရာ ၎င်းလောင်းကစားဝိုင်းကြောင့် ရွာနှင့် ပတ်ဝန်းကျင်ရွာများသို့ သွားလာသူများ မကြာခဏ အလုခံကြရပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ လောင်းကစားဝိုင်းအား အရေးယူပေးပါရန် တင်ပြအပ်ပါသည်။

ဝွေးပင်ရွာသား

လောင်စာဆီသိုလှောင်ရောင်းဝယ် မီးဘေးအန္တရာယ် စိုးရိမ်ဖွယ်

စာတည်းရှင့်-

ပြည်မြို့ ဆံတော်ရပ်ကွက် ရွှေဆံတော် အနောက်စောင်းတန်းလမ်းနှင့် ပတ်ဝန်းကျင်တစ်ဝိုက်တွင် လောင်စာဆီများ တရားမဝင် သိုလှောင်ခြင်း၊ ရောင်းဝယ်ခြင်းများ ပြုလုပ်လျက်ရှိရာ မီးဘေးအန္တရာယ် စိုးရိမ်ရပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ လှောင်စာဆီ သိုလှောင် ရောင်းဝယ်နေခြင်းအား တားဆီးပေးပါရန် တင်ပြအပ်ပါသည်။

ပြည်မြို့သူ

ခြောက်ရေမြောင်း ဖုံးအုပ်ပေးပါ

စာတည်းရှင့်-

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ် ယမုံနာ ၂-ရပ်ကွက် ယမုံနာလမ်းမကြီး မဟာဗန္ဓုလတံတားအဆင်း လက်ယာဘက်ဆိုင်ခန်းများရှေ့ လူသွားစင်္ကြံတွင် ရေဆင်းမြောင်းအဖုံးအုပ်မထားသဖြင့် ခြောက်ပေခန့်အပေါက် ဖြစ်နေပါသည်။ လမ်းသွားလမ်းလာများ အန္တရာယ်ကင်းစွာသွားလာနိုင်စေရန်အတွက် အဆိုပါ ရေမြောင်းပေါက်အား ဖုံးအုပ်ပေးပါရန် တင်ပြအပ်ပါသည်။

ဒေါပုံသူ

လောင်းကစားဝိုင်းနှင့် အရက်ဆိုင်ဖယ်ရှားပေးပါ

စာတည်းရှင့်-

အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက် မင်းကြီးလမ်းရှိ (၄၅)ကားလတ်ဂိတ်ဆုံးတွင် လောင်းကစားဝိုင်းများရှိပြီး အရက်များရောင်းချလျက်ရှိရာမကြာခဏခိုက်ရန်ဖြစ်ပွားနေပါသဖြင့် ခရီးသွားပြည်သူများနှင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက် ဖြစ်ကြရပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ လောင်းကစားဝိုင်းနှင့် အရက်ဆိုင်အား ဖယ်ရှားရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

ခရီးသွားပြည်သူများ

ဈေးဝင်ပေါက်မှ အမှိုက်ပုံ ပုံမှန်သိမ်းဆည်းပေးပါ

စာတည်းခင်ဗျား-

လသာမြို့နယ် လမ်းမတော် သံဈေး ဈေးဝင်၊ ထွက်ပေါက်ရှိ အမှိုက်များကို နေ့စဉ်မှန်မှန် လာရောက်သိမ်းဆည်းခြင်းမရှိပါ။ (အောက်ပုံ) ၎င်းအမှိုက်ပုံမှ ထွက်ရှိလာသည့် အနံ့ဆိုးများကြောင့် ဈေးသည်၊ ဈေးဝယ်များ၊ ရပ်ကွက်အတွင်းရှိပြည်သူများ ကျန်းမာရေးထိခိုက်နိုင်ပါသဖြင့် နေ့စဉ် အမှိုက်သိမ်းရေး ကြပ်မတ် ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဈေးဝယ်သူများ

အသားကင်ညှော်နံ့မခံနိုင်

စာတည်းရှင့်-

တာမွေမြို့နယ် ကျားကွက်သစ်(စံပြ)ရပ်ကွက် စိတ္တသုခလမ်းနှင့် ဘယသုဒ္ဓိလမ်းကြား ကျားကွက်သစ်လမ်းမကြီးပေါ်တွင် ညနေ ၃ နာရီမှစ၍ ဈေးရောင်းချလျက်ရှိသော ကြက်ကင်၊ ငါးကင်နှင့် အမဲအူပြုတ်ဆိုင်တို့မှ ညှော်နံ့မျိုးစုံကြောင့် လမ်းသွားလမ်းလာများနှင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက် ဖြစ်ကြရပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ ညှော်နံ့ကင်းရေး စီစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

တာမွေသူ

မိလ္လာပိုက်ပေါက်ပြုပြင်ပေးစေချင်

စာတည်းရှင့်-

ရန်ကုန်တိုင်း လသာမြို့နယ်(၂၂)လမ်းနှင့် (၂၁)လမ်း နောက်ဖေးလမ်းကြားရှိ မိလ္လာပိုက်များပေါက်နေပါသဖြင့်အညစ်အကြေးများနှင့် အနံ့ဆိုးများ ပတ်ဝန်းကျင်သို့ ပျံ့နှံ့လျက်ရှိပါသည်။ သို့ဖြစ်ပါ၍မိလ္လာပေါက်များအားပြင်ဆင်ပေးပါရန် တင်ပြအပ်ပါသည်။ **(၂၂)လမ်းသူ**

ပြည်သူ့ထံမှ ပေးစာ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှ ပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ် (၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပေးပို့နိုင်ပါသည်။

ဆန်စက်မှ ဖွဲမှုန့်မပျံ့လွင့်ရေး ဆောင်ရွက်ပေးပြီး

၂၆-၈-၂၀၀၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ပဲခူးတိုင်း ကဝမြို့နယ် သက္ကလစံပြကျေးရွာရှိ ဟာလာဆန်စက်မှ ဖွဲမှုန့်များ ပတ်ဝန်းကျင်သို့ ပျံ့နှံ့ပေးစာနှင့် စပ်လျဉ်း၍ လိုအပ်သည့်ကာရံမှုများ ပြုလုပ်ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်

သန်လျင်မြို့မ ဈေးအိမ်သာ ပြုပြင်ပြီးစီး

၂၂-၇-၂၀၀၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ သန်လျင်မြို့ မြို့မဈေး အိမ်သာ သန့်ရှင်းမှုရှိစေရေး ပေးစာနှင့် စပ်လျဉ်း၍ နေ့စဉ်သန့်ရှင်းရေး၊ ရေပြတ်လပ်မှုမရှိစေရေး၊ အိမ်သာများ ချို့ယွင်းပျက်စီးမှုမရှိရေး ကြပ်မတ်ဆောင်ရွက် ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

နေပြည်တော်တွင် နေရာချထားမည့် မြို့ကွက်သစ်၊ အဆင့်မြင့်ဈေး၊ ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ပြင်အလုပ်ရုံများအတွက် လျှောက်လွှာခေါ်ယူခြင်း

မြို့ကွက်သစ်

၁။ နေပြည်တော်တွင် မြေကွက် ၄၀၀၀ စီပါရှိသော မြို့ကွက်သစ်နှစ်နေရာအား အောက်ဖော်ပြပါ အချက်အလက်များဖြင့် ဖော်ထုတ်သွားပါမည်–

(က) **မြေကွက်အရွယ်အစား** ။ ပေ ၁၂၀ x ပေ ၁၂၀ မြေကွက်၊ ပေ ၁၀၀ x ပေ ၁၀၀ မြေကွက်၊ ပေ ၈၀ x ပေ ၈၀ မြေကွက်၊

(ခ) ရှစ်လမ်းသွား၊ ခြောက်လမ်းသွား၊ လေးလမ်းသွားနှင့် နှစ်လမ်းသွား ကွန်ကရစ်လမ်းများ ဖောက်လုပ်ပေးမည်။

(ဂ) အိမ်ခြံဝအရောက် လျှပ်စစ်မီး၊ ဆက်သွယ်ရေး၊ ရေရရှိရေးနှင့် ရေစီးရေလာ စနစ်များ ဆောင်ရွက်ပေးမည်။

(ဃ) ကျောင်း၊ ဈေး၊ မီးသတ်၊ ရဲစခန်း၊ ဆေးခန်း၊ အားကစားကွင်း၊ ပန်းခြံအစရှိသည့် လူမှုရေးအဆောက်အအုံများ ပါဝင်မည်။

၂။ မြေကွက်လျှောက်ထားသူသည် အောက်ပါအချက်အလက်များအတိုင်း လိုက်နာရပါမည်–

(က) မြေကွက်ဝယ်ယူခွင့်ရရှိသူသည် သတ်မှတ်တန်ဖိုးကို ပေးသွင်းရမည်။

(ခ) အမှန်တကယ် နေထိုင်ရန် လိုအပ်ပါက မြေကွက် နှစ်ကွက်အထိ ဝယ်ယူရန် လျှောက်ထားနိုင်သည်။

(ဂ) အမှန်တကယ် နေထိုင်သူများ ဖြစ်ရမည်။

(ဃ) မြို့ကွက်သစ်နေရာသည် လူနေထိုင်ရန်အတွက်သာ ဖြစ်သဖြင့် မည်သည့် စီးပွားရေး လုပ်ငန်းမျှ လုပ်ကိုင်ခြင်းမပြုရ။

(င) မြေကွက်အတွင်း သတ်မှတ်ပေးသည့် လုံးချင်းအိမ်ပုံစံများမှ နှစ်သက်ရာ တစ်ထပ် သို့မဟုတ် နှစ်ထပ် အိမ်တစ်လုံးကိုသာ သတ်မှတ်အကွာအဝေး ချန်လှပ်၍ ဆောက်လုပ်ရမည်၊ တစ်လုံးထက်ပို၍ ဆောက်လုပ်ခြင်း၊ အိမ်ပုံစံကို ပြုပြင်တိုးချဲ့ဆောက်လုပ်ခြင်းအား ခွင့်မပြု။

(စ) ဆောက်လုပ်ပြီး အိမ်အစား အသစ်ထပ်မံဆောက်လုပ်လိုပါက လက်ရှိအိမ်အား ဖျက်သိမ်း၍ သတ်မှတ်ပေးထားသည့်အိမ်ပုံစံများအနက် နှစ်သက်ရာကို ရွေးချယ် ဆောက်လုပ်ခွင့် တင်ပြဆောင်ရွက်နိုင်ပါသည်။

(ဆ) လူနေအိမ်ရာများကို လိုအပ်ပါက လေးထပ်အထိ ဆောက်လုပ်ခွင့်ပေးမည်၊ လေးထပ်အထိ ဆောက်လုပ်လိုပါက ဆောက်လုပ်လိုသော အိမ်ပုံစံကို ကော်မတီသို့ တင်ပြပြီး အတည်ပြုချက်ရမှ ဆောက်လုပ်ရမည်။

(ဇ) နေရာချထားပေးပြီး အနည်းဆုံး သုံးလအတွင်း အဆောက်အဦ စတင် ဆောက်လုပ်ရန်နှင့် တစ်နှစ်အတွင်း အပြီးတည်ဆောက်ရမည်။

(ဈ) တစ်နှစ်အတွင်း ဆောက်လုပ်ခြင်းမပြုနိုင်ပါက မည်သည့်လျော်ကြေးမှမပေးဘဲ ပြန်လည်သိမ်းယူမည်။

(ည) အဆောက်အဦ ဆောက်လုပ်ပြီးသည်နှင့် မြေပိုင်ဆိုင်မှုအဖြစ် နှစ်(၃၀) မြေငှားဂရန် ထုတ်ပေးမည်။ အဆိုပါ မြေငှားဂရန်အား (၁၀)နှစ်အတွင်း လွှဲပြောင်းရောင်းချခြင်းမပြုရ၊ (၁၀)နှစ်ကျော်လွန်ပြီးနောက် လွှဲပြောင်းရောင်းချ မည် ဆိုပါက သတ်မှတ်မြေကွက်အတိုင်းသာ လွှဲပြောင်း ရောင်းချခွင့်ပြုမည်၊ မြေကွက်အား အစိတ်စိတ်ပိုင်းခွဲ၍ လွှဲပြောင်းရောင်းချခွင့်မပြု။

အဆင့်မြင့်ဈေး

၃။ နေပြည်တော်တွင် ဖွင့်လှစ်မည့် Shopping Complex တွင် အောက်ပါအချက်အလက်များနှင့် ကိုက်ညီသော ဈေးဆိုင်ခန်းများ ဆောက်လုပ်ရောင်းချခွင့်ပြုပါမည်–

(က) စားသောက်ဆိုင်များ (မြန်မာအစားအစာ၊ တရုတ်အစားအစာ၊ အိန္ဒိယအစားအစာ၊ လက်ဖက်ရည်ဆိုင်၊ တိုင်းရင်းသားရိုးရာအစားအစာများ၊ ဒံပေါက်၊ ချစ်တီးထမင်း၊ အအေးဆိုင်စသည်ဖြင့်)။

(ခ) ဆေးပစ္စည်းအရောင်းဆိုင်များ(ဆေးခန်း၊ ဓာတ်ခွဲခန်းလုပ်ငန်းများမပါ)။

(ဂ) အမျိုးသား/ အမျိုးသမီးအလှပြင်ဆိုင်များ(အနှိပ်/အကြောပြင်ခန်းများမပါ)။

(ဃ) စိန်ရွှေ ရတနာဆိုင်။

(င) စာအုပ်နှင့် စာရေးကိရိယာဆိုင်။

(စ) အပ်ချုပ်ဆိုင်။

(ဆ) အဆင့်မြင့်မူလတန်းကြိုကျောင်း။

(ဇ) Electronics ပစ္စည်းအရောင်းဆိုင်များ (Services Centre တွဲလျက်)၊ (Training Centre ခွင့်မပြုပါ)။

၄။ အထက်ဖော်ပြပါ Shopping Complex အတွင်း ဆိုင်ခန်းတစ်ခန်းလျှင် ပေ ၁၀၀ x ပေ ၂၀၀ အကျယ် မြေကွက်များ ခွင့်ပြုပေးမည်။

၅။ အဆိုပါ သတ်မှတ်မြေကွက်အတွင်း ရှေ့ပိုင်း ပေ ၇၀ x ပေ၁၀၀တွင် သတ်မှတ် ပေးထားသည့် ပုံစံအတိုင်း တစ်ထပ်ဆိုင်ခန်းဆောက်လုပ်ရန်နှင့် နောက်ပိုင်း ပေ ၁၀၀ x ပေ ၁၀၀ တွင် အလုပ်သမားများ နေထိုင်ရန် စတိုများအား အများဆုံးနှစ်ထပ်အထိသာ ဆောက်လုပ်ရန် ခွင့်ပြုမည်။ ဆောက်လုပ်မည့်ပုံစံအား တင်ပြအတည်ပြုချက် ရယူဆောက်လုပ်ရမည်။

၆။ ဈေးဆိုင်ခန်း ဆောက်လုပ်ရောင်းချခွင့် ရရှိသူသည် လုပ်ကိုင်ခွင့်အား ထပ်မံလွှဲပြောင်းခြင်းမပြုရ၊ မိမိကိုယ်တိုင် လုပ်ကိုင်သော လုပ်ငန်းဖြစ်ရမည်၊ မိမိအမည်ခံ၍ အခြားသူအား တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ ငှားရမ်းလုပ်ကိုင်ခြင်း မပြုရ။

၇။ လုပ်ငန်းဆက်လက်မလုပ်နိုင်ပါက မြေနှင့်အဆောက်အဦအားလုံးကို နိုင်ငံတော်မှ ပြန်လည်သိမ်းယူမည်။

၈။ လျှောက်ထားသူသည် အောက်ပါအချက်အလက်များကို လိုက်နာဆောင်ရွက်ရမည်–

(က) လုပ်ငန်းရင်းနှီးမြှုပ်နှံနိုင်သည့် ခိုင်မာသော ငွေကြေးအင်အားရှိမှုအနေအထားကို သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း၏ ထောက်ခံချက်နှင့် သက်ဆိုင်ရာ ဘဏ်၏ အာမခံချက် (သို့မဟုတ်) မရွှေ့ပြောင်းနိုင်သော ပစ္စည်းပိုင်ဆိုင်မှု အထောက်အထားနှင့်အတူ တင်ပြရမည်။

(ခ) လျှောက်ထားသူသည် လျှောက်ထားသည့် လုပ်ငန်းအမျိုးအစားအား အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်သူဖြစ်ရမည်။

(ဂ) အဆောက်အဦဆောက်လုပ်ပြီး လုပ်ငန်းစတင်လုပ်ကိုင်သည်နှင့် မြေပိုင်ဆိုင်မှု အဖြစ် နှစ်(၃၀)မြေငှားဂရန်ထုတ်ပေးမည်။ အဆိုပါ မြေငှားဂရန်အား (၁၀)နှစ် အတွင်း လွှဲပြောင်းရောင်းချခြင်းမပြုရ၊ (၁၀)နှစ်ကျော်လွန်ပြီးနောက် လွှဲပြောင်း ရောင်းချမည်ဆိုပါက သတ်မှတ်မြေကွက်အတိုင်းသာ လွှဲပြောင်းရောင်းချခွင့် ပြုမည်။ မြေကွက်အား အစိတ်စိတ်ပိုင်းခွဲ၍ လွှဲပြောင်းရောင်းချခွင့်မပြု။

ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့်ယာဉ်ပြင်အလုပ်ရုံများ

၉။ နေပြည်တော်တွင် ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ပြင်အလုပ်ရုံများကို အောက်ပါလုပ်ငန်း ဆောင်ရွက်လိုသူများသည် ဝယ်ယူရန် လျှောက်ထားနိုင်ပါသည်–

(က) လက်ရှိပွဲရုံလုပ်ငန်းလုပ်ကိုင်နေသူများ(အထောက်အထားပူးတွဲလျက်)။

(ခ) လက်ရှိပြေးဆွဲနေသော အဝေးပြေးမော်တော်ယာဉ်လိုင်းများ။

(ဂ) လက်ရှိ လုပ်ကိုင်နေသော ယာဉ်ပြင်အလုပ်ရုံများ။

၁၀။ ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ပြင်အလုပ်ရုံများတွင် လျှပ်စစ်မီး၊ ရေ၊ ဆက်သွယ်ရေး၊ ကွန်ကရစ်လမ်းနှင့် ရေစီးရေလာစနစ်များအပြည့်အစုံဖြင့် ဆောက်လုပ်ပေးမည်။

၁၁။ အဆောက်အဦကို သတ်မှတ်ပေးသည့်ပုံစံအတိုင်း မိမိအစီအစဉ်ဖြင့်ဆောက်လုပ် ရမည်။

၁၂။ မြေကွက်ဖော်ထုတ်မှု ကုန်ကျစရိတ်များကို ဝယ်ယူသူများမှ ပေးချေရမည်။

၁၃။ အဆောက်အဦကို သုံးလအတွင်း ဆောက်လုပ်ရန်နှင့် လုပ်ငန်းဆက်လက် မလုပ်နိုင်ပါက မြေနှင့် အဆောက်အဦအားလုံးကို နိုင်ငံတော်မှ ပြန်လည်သိမ်းယူမည်။

၁၄။ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် လုပ်ကိုင်ခွင့်အား ထပ်မံလွှဲပြောင်းခြင်းမပြုရ၊ မိမိကိုယ်တိုင် လုပ်ကိုင်သော လုပ်ငန်းဖြစ်ရမည်။ မိမိအမည်ခံ၍ အခြားသူအား တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ ငှားရမ်းလုပ်ကိုင်ခြင်းမပြုရ။

စည်းကမ်းချက်များ

၁၅။ အထက်ဖော်ပြပါ မြို့ကွက်သစ်၊ အဆင့်မြင့်ဈေး၊ ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ပြင်အလုပ်ရုံများ ဝယ်ယူရန် လျှောက်ထားသူများသည် အောက်ပါစည်းကမ်းချက်များနှင့် ကိုက်ညီသူ ဖြစ်ရပါမည်–

(က) ပြည်ထောင်စုမြန်မာနိုင်ငံတော် မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) နိုင်ငံတော်၏ တရားဥပဒေများကို လိုက်နာစောင့်ထိန်းသူ ဖြစ်ရမည်၊ တရားဥပဒေဘောင် ပြင်ပရှိ တစ်ဦးတစ်ယောက်ဖြစ်စေ၊ အဖွဲ့အစည်း တစ်ခုခု ဖြစ်စေ၊ အဖွဲ့အစည်းများနှင့် ဖြစ်စေ အဆက်အသွယ်ရှိသူ မဖြစ်စေရ။

(ဂ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေနှင့် တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရေး ဥပဒေကို ကိုယ်တိုင်ကျူးလွန်ဖောက်ဖျက်ခဲ့ဖူးသူ သော်လည်းကောင်း၊ ကျူးလွန် ဖောက်ဖျက်သူများနှင့် ပတ်သက်ဆက်စပ်မှုရှိသူ သော်လည်းကောင်း မဖြစ်စေရ။

၁၆။ လျှောက်ထားရန် စိတ်ပါဝင်စားသူများသည် လျှောက်လွှာကို **နေပြည်တော် စည်ပင်သာယာရေး ကော်မတီရုံး သို့မဟုတ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ နေပြည်တော်** သို့ ဆက်သွယ် စုံစမ်း လျှောက်ထားနိုင်ပါသည်။

၁၇။ **ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံတော်က သတ်မှတ်ခွင့်ပြုပေးထားသော အသင်းများအတွက်** မြို့ကွက်သစ်များတွင် သီးသန့်နေရာချထားပေးမည် ဖြစ်သဖြင့် အဖွဲ့အစည်းများနှင့် အသင်းများသည် **အထက်အပိုဒ် (၁၆) ပါ လိပ်စာများ** သို့ လာရောက် ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

နေပြည်တော် စည်ပင်သာယာရေးကော်မတီ

စုံစမ်းရန် ဖုန်းနံပါတ်များ။ ၀၆၇၄၀၉၃၂၀၊ ၀၆၇၄၁၄၂၀၂၊ ၀၆၇၄၁၄၂၀၄၊ ၀၆၇၄၁၄၂၈၉၊ ၀၆၇၄၁၄၂၉၄

ကချင်ပြည်နယ်တွင် သယံဇာတပေါကြွယ်ဝသဖြင့် ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေး အလားအလာကောင်းများစွာရှိ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများကိုယ်တိုင် ပါဝင်လုပ်ဆောင်မှ လျင်မြန်စွာ တိုးတက်မည်

နေပြည်တော် နိုဝင်ဘာ ၂၄

ကချင်ပြည်နယ် မိုးကောင်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၂၁ ရက် နံနက် ၇ နာရီခွဲတွင် မိုးကောင်းမြို့ မြို့တော်ခန်းမသို့ရောက်ရှိပြီး ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဝိုင်းမော်မြို့ရှိ မြစ်ကြီးနား-ဝိုင်းမော်-ချီဖွေ-ဇန်းမော်လမ်းဆုံ လမ်းပိုင်းအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တာချီလိတ်မြို့တွင် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များအား တွေ့ဆုံ ဒေသတည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် အညီဖြစ်ရေး တာချီလိတ်ပတ်ဝန်းကျင်ရှိ ချောင်းများမှ ရေအားလျှပ်စစ် ထုတ်ယူရရှိနိုင်ရေး နိုင်ငံတော်၏လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရန်မှာကြား

နေပြည်တော် နိုဝင်ဘာ ၂၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ တာချီလိတ်ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့မိ၊ မြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ထိုသို့တွေ့ဆုံရာသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တာချီလိတ်ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ တာချီလိတ်မြို့ပေါ်ရှိ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၄ သို့ ❋

အိန္ဒိယ လေတပ်ဦးစီးချုပ်နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

နေပြည်တော် နိုဝင်ဘာ ၂၄

အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ် Air Chief Marshal S.P. Tyagi, PVSM, AVSM, VM, ADC, Chairman, Chief of Staff Committee and Chief of The Air Staff နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ဇော်ထွန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ စစ်သံမှူး Colonel, Jasvinder Singh Chopra၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ တပ်မတော်(လေ) အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ မန္တလေးတိုင်း ပြင်ဦးလွင်မြို့ အနီးစခန်းလေဆိပ်သို့ နံနက် ၁၀ နာရီတွင် ရောက်ရှိကြပြီး ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား

စာမျက်နှာ ၆ ကော်လံ ၁ သို့ ●

အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ် Air Chief Marshal S.P. Tyagi, PVSM, AVSM, VM, ADC, Chairman, Chief of Staff Committee and Chief of The Air Staff နှင့် ဇနီးတို့ ချစ်ကြည်ရေးခရီးစဉ် ပြီးဆုံး၍ ပြန်လည်ထွက်ခွာရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းနှင့် ဇနီးတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)